# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 20 December 2022 ၁၀၉၅၅


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

## စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ


**အခြေခံရွေးကောက်ပွဲစနစ်များအား လေ့လာခြင်း**

ဆောင်းပါး

စာမျက်နှာ » ၆

**လူငယ်နှင့် စာပေအနုပညာပြပွဲ**

ဆောင်းပါး

စာမျက်နှာ » ၁၁

**ဈေးမြင့်တက်နေသည့် ရှမ်း(တောင်)ကော်ဖီစေ့**

စာမျက်နှာ » ၁၂





**ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၅၀ စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၆

**ဘဝတန်ဖိုးမြင့်မားသူဖြစ်ချင်သလား**

စာမျက်နှာ » ၁၉

ကြေးမုံ

# အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ ဖော်ဆောင်

ရေရှည်ကောင်းမွန်မျှတသည့် စီးပွားရေးတိုးတက်မှု ဖော်ဆောင်ခြင်းကို အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု၊ အစိမ်းရောင်စီးပွားရေးဟုဆိုကြသည်။ အစိမ်းရောင်စီးပွားရေးသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ဆောင်ကြဉ်းလာမည့်ပုံစံဖြစ်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ရွေးချယ်နိုင်မည့် အခွင့်အလမ်းကောင်း များစွာရှိနေသည်။ ထို့ကြောင့် အစိမ်းရောင်စီးပွားရေးလမ်းကြောင်းများကို ရွေးချယ်ကြရမည်ဖြစ်သည်။

ဤကမ္ဘာမြေသည် လူသားအားလုံးသာမက သက်ရှိအားလုံး လုံခြုံစိတ်ချစွာနေထိုင်နိုင်သည့် အိမ်ကြီးသဖွယ်ဖြစ်သည်။ သက်ရှိအားလုံးအတွက် အကျိုးပြုဝန်ဆောင်မှုများဖြစ်သည့် ရေ၊ သစ်ပင်၊ သီးနှံ၊ ဇီဝမျိုးစုံမျိုးကွဲနှင့်ပတ်ဝန်းကျင်စသည့် ဤကမ္ဘာမြေမှ ဖန်တီးပေးထားသော သဘာဝအရင်းအနှီးများမှာ လူသားတို့၏ အလွန်အကျွံ အသုံးပြုမှုများကြောင့် တဖြည်းဖြည်းကုန်ခန်းလာပြီဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးပြီးနိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများပါ စီးပွားရေးတိုးတက်လာမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု ဟန်ချက်ညီမျှတရေးတွင် စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်သည်။

လူသားတို့အနေဖြင့် လူ့သဘောအရ ကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်လေ့ရှိ၍ ရေရှည်အကျိုးကို အနည်းငယ်မျှသာ ထည့်သွင်းစဉ်းစားလေ့ရှိသည်။ စီးပွားရေးတိုးတက်မှုနှုန်း မြန်ဆန်စွာဖြစ်ထွန်းလာရေးအတွက် သဘာဝသယံဇာတများကို အလွန်အကျွံအသုံးချမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိသည့် စီးပွားရေးပုံစံမျိုးကိုသာ ရွေးချယ်တတ်ကြသည်။ ရေရှည်အကျိုးဆက်များကို ထည့်သွင်းစဉ်းစားလေ့မရှိသောကြောင့် လူသားများနှင့် သက်ရှိများအားလုံး ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်နေသည်။ သို့ရာတွင် နိုင်ငံအစိုးရများနှင့် သက်ဆိုင်ရာများက ပတ်ဝန်းကျင်ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကိုသိရှိကြ၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းသည့် ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်လာကြသည်။

ယင်းသည် အစိမ်းရောင်စီးပွားရေးဆီသို့ ခြေလှမ်းဦးတည်တက်လှမ်းနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများသည် သဘာဝတရား၏တန်ဖိုးနှင့် လူသားများအား ထောက်ပံ့ပေးနေသည့် အကျိုးကျေးဇူးများအား သိသာလာရန်နှင့် လူများ၊ သဘာဝများနှင့် စီးပွားရေးကို အထောက်အကူပြုမည့် မူဝါဒနှင့်ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာစေဖို့အတွက် အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့်အတူ သက်ဆိုင်ရာပညာရှင်များပါ ပါဝင်လုပ်ဆောင်နေကြပြီဖြစ်သည်။ မကြာသေးမီက မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများက အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံသည် အာရှဒေသတွင်း နိုင်ငံများနည်းတူ ဂေဟာစနစ်အခြေပြုဖွံ့ဖြိုးရေးဆိုင်ရာအခွင့်အလမ်းများစွာရှိသည်။ ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် ဒေသတွင်းနိုင်ငံများနှင့်အတူ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် ကာဗွန်မျှခြေရရှိရေးဆိုင်ရာ ခိုင်မာသည့်မူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။ ပါရီသဘောတူညီချက်အရ "အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းအစီအစဉ် (NDCs)" ကို ၂၀၂၁ ခုနှစ်တွင် တင်ပြခဲ့ပြီး ၂၀၃၀ ပြည့်နှစ် ကာဗွန်ထုတ်လုပ်မှု လျော့ချရေးရည်မှန်းချက်များရရှိရေးအတွက် သဘာဝအခြေပြု ဖြေရှင်းရေးနည်းလမ်းများဖြစ်သည့် အမြဲတမ်းသစ်တောနယ်မြေများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ သစ်တောစိုက်ခင်းများ တိုးမြှင့်တည်ဆောက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အစိမ်းရောင်စီးပွားရေးမူဘောင် ရေးဆွဲထားပြီး သန့်ရှင်းသော စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ဒေသတွင်းရှိပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရေးအတွက် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာမိတ်ဖက်နိုင်ငံများနှင့် အမြဲတမ်းပူးပေါင်းဆောင်ရွက်သွားရန် အသင့်ဖြစ်လျက်ရှိသည်။ ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်မျှခြေရရှိရေးဆိုင်ရာ ရည်မှန်းချက်ပြည့်မီရေးအတွက် ကာဗွန်ကင်းစင်သည့် လျှပ်စစ်ကားထုတ်လုပ်ရေးကဏ္ဍ၊ အစိမ်းရောင်အဆောက်အအုံများ ဖွံ့ဖြိုးရေးနှင့် စွမ်းအင်ချွေတာရေးကဏ္ဍ၊ အစိမ်းရောင်သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် စွန့်ပစ်အမှိုက်များလျှော့ချရေးကဏ္ဍစသည့် နယ်ပယ်လေးခုကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ သက်ရှိများအားလုံး ရှင်သန်ရပ်တည်နေသော ဤကမ္ဘာမြေအိမ်ကြီးတွင် ထာဝရအခွန့်ရှည်စွာ ရပ်တည်နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပြည်သူအားလုံးတို့က အစိမ်းရောင်စီးပွားရေးလှုပ်ရှားမှုတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး"ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝ တည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။



ပြည်ထောင်စုတိုင်းရင်းသားများ

### ထူးခြားသည့် ညအပူချိန်များ

၁၉-၁၂-၂၀၂၂

| | |
|---|---|
| ဟားခါး | ၅ ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၅ ဒီဂရီစင်တီဂရိတ် |
| ဖလမ်း | ၇ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၈ ဒီဂရီစင်တီဂရိတ် |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉ - ၁၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁,၀၈၂ | ၉,၆၂၉,၈၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၇၃၃ | ၂,၃၈၂,၂၅၀ |
| MCB | ၇,၅၀၀ | ၇,၆၀၀ | ၈၈ | ၆၆၁,၃၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၆၉၇ | ၁၃,၂၄၃,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁ | ၂,၆၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၁၈၀ | ၄၇၇,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၀ | ၉၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၃၁.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၁.၂၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၂၉၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၄.၅၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၀၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၂.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၄၉.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၃.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၅၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

○ ရှေ့ဖုံးမှ

ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိအားပေး အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး ပွဲကစားချိန် ငါးမိနစ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက အဖွင့်ဂိုးရရှိခဲ့သည်။ ယင်းနောက် နှစ်ဖက်အပြန်အလှန် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံး အားကစားသမားဆုရရှိခဲ့ကြသည့် အားကစားသမားများကို ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးမောင်းဟာ၊ Jeng Phang နော်တောင်နှင့် ဒေါ်အေးနုစိန်တို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အသင်းလိုက်စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ်အသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းက လည်းကောင်း၊ တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကိုပေးအပ်ချီးမြှင့်ကြပြီး အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်**

မြန်မာ့ဘောလုံးအားကစားလောက အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်(အမျိုးသမီး)ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) U – 18(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၅ ရက်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကာ မန္တလေးတိုင်းဒေသကြီးအသင်းက အနိုင်ရဗိုလ်စွဲပြီး တံခွန်စိုက်ဒိုင်းဆုကိုရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် အကောင်းဆုံးအားကစားသမားဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာ အကောင်းဆုံး အားကစားသမားဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် အကောင်းဆုံး အားကစားသမားဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ညောင်တုန်းမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ညောင်တုန်း ဒီဇင်ဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်သို့ ရောက်ရှိပြီး ညောင်တုန်းမြို့ အတုလမာရဇိန် ကြေးသွန်းဘုရားကြီးအား ဖူးမြော်ပူဇော်၍ ဗိုလ်ချုပ်လမ်းရှိ ပုဏ္ဏာမာရာမဈေးကျောင်းတိုက်၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသ ဘိဝံသအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ညောင်တုန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁) ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွေးက ပန်းလှိုင်မြစ်ကူး တံတားဆောက်လုပ်ရန်လျာထားမှုကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဆင်ထုံးကျေးရွာအုပ်စု ကြိမ်ပင်ဆယ်ကျေးရွာရှိ ရွှေဟသ်ာ ရွှေကျင်ကျောင်းတိုက်ခွဲသို့ ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော် ဦးပညာဇောတအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဒေါ်စန်းစန်းဝေအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆု(၃)ရရှိသည့် ဦးဇော်ဖြိုးအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်သန်းသန်းလင်း၊ ဦးရဲတင့်၊ ဦးဇော်ဝင်း၊ ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကဲဖြတ်ဒိုင်အဖွဲ့များနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုပြိုင်ပွဲကို လွတ်လပ်ရေး၏အနှစ်သာရကို ဖော်ကျူးပြသနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင် ၁၉၉ ဦးက ဓာတ်ပုံပေါင်း ၇၅၁ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ဓာတ်ပုံသည် သမိုင်းမှတ်တမ်းဖြစ်သကဲ့သို့ အနုပညာလည်းဖြစ်ကြောင်း၊ ဓာတ်ပုံများမှတစ်ဆင့် ပြည်သူလူထုအတွင်း မိမိနိုင်ငံအပေါ် တန်ဖိုးထားဂုဏ်ယူလိုစိတ်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လေးစားတန်ဖိုးထားတတ်သည့်စိတ်များ စိမ့်ဝင်ပျံ့နှံ့လာလိမ့်မည်ဟု ယုံကြည်ကြောင်း။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကဲဖြတ်ပညာရှင်ကြီးများက ဓာတ်ပုံတစ်ပုံ၏ အလင်းအမှောင်၊ အယူအဆ၊ ရိုက်ကွင်းရိုက်ကွက်နှင့် ဖော်ညွှန်းသည့် အကြောင်းအရာ၊ ဓာတ်ပုံကောင်းတစ်ပုံ၏ အင်္ဂါရပ်များနှင့်အညီ အကြိမ်ကြိမ် စိစစ်အကဲဖြတ်ပြီး ဆုရဓာတ်ပုံများအဖြစ် ရွေးချယ်သတ်မှတ်ပေးခဲ့ကြောင်း။

ယနေ့ မြန်မာနိုင်ငံ၏ ကောင်းမွန်သည့် ပုံရိပ်များကို ရိုက်ကူးပုံဖော်ပေးခဲ့သည့် ဓာတ်ပုံကောင်းများအား နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့် ဆောင်ရွက်ချက်များတွင် ဖော်ထုတ်ပြသပေးသွားမည်ဖြစ်ကြောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်များအနေဖြင့်လည်း နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုသူများအဖြစ် မိမိကိုယ်ကို ဂုဏ်ယူနိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆုရွေးချယ်စိစစ်ရေးဒိုင်အဖွဲ့ဥက္ကဋ္ဌ ဒါရိုက်တာ ပန်းချီစိုးမိုးက ဆုများ ရွေးချယ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆု (၄) ရရှိသည့် ဦးကျော်မျိုးသီဟနှင့် အထူးဆု (၅)ရရှိသည့် ဦးကျော်သူတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က အထူးဆု(၁)ရရှိသည့် ဦးမောင်မောင်လွင်(မုဒုံ)၊ အထူးဆု(၂) ရရှိသည့် ဒေါ်ချိုသက်လင်းနှင့် အထူးဆု(၃) ရရှိသည့် ဦးဇော်ဖြိုးအောင်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် ဦးစိုင်းထွန်းနေလှိုင်၊ ဒုတိယဆုရရှိသည့် ဦးမောင်မောင်လွင်(မုဒုံ)နှင့် တတိယဆုရရှိသည့် ဒေါ်စန်းစန်းဝေတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ပထမဆုရရှိသည့် ဦးစိုင်းထွန်းနေလှိုင်က ကျေးဇူးတင်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသည့် ဓာတ်ပုံများနှင့် ခင်းကျင်းပြသထားသောဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးရဲတင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆု(၄)ရရှိသည့် ဦးကျော်မျိုးသီဟအား ဆုပေးအပ်ချီးမြှင့်စဉ်။

# မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ (၂၂)ကြိမ်မြောက်သုတေသနညီလာခံဖွင့်ပွဲ ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ (၂၂)ကြိမ်မြောက် သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင် ပညာရှင်ကြီးများ၊ဘာသာရပ်အလိုက်အကောင်းဆုံးသုတေသနစာတမ်းဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ပညာရှင်ကြီးများ၊ သုတေသီများနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

**ဖတ်ကြားဆွေးနွေးမည်**

ရှေးဦးစွာ ပြန်ထောင်စုဝန်ကြီးက ပညာရှင်အဖွဲ့က ၂၀၀၁ ခုနှစ်မှ စတင်ပြီး နှစ်စဉ်သုတေသနစာတမ်းဖတ်ပွဲများကို ကျင်းပခဲ့ရာ (၂၂)ကြိမ်မြောက်ရှိပြီ ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များ၊ ပုံမှန်သင်တန်းများ ဖွင့်လှစ်နိုင်သည့်အတွက် ဘာသာရပ် ၃၂ မျိုးအနက် ဘာသာရပ် ၂၄ မျိုးမှ စာတမ်းစုစုပေါင်း ၂၄၃ စောင်ကို ဖတ်ကြား ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် မလျှော့သော ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆောင်ရွက်ကြသော သုတေသီများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ ပါရဂူကျမ်းသုတေသန လုပ်ငန်း အစီရင်ခံစာ တင်သွင်းလာသည့် ၁၆ စောင်အနက် ပညာရှင်အဖွဲ့ဆုရှစ်ဆုရရှိသည့် သုတေသီများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ တက္ကသိုလ်နှင့် သက်ဆိုင်ရာဒေသ၏ အလားအလာပေါ်မူတည်၍ Center for Research and Innovation(CRI) များထူထောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ CRI များပေါ်ပေါက်လာပါက ဒေသတွင်းမှာရှိသည့် လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် နည်းပညာလိုအပ်ချက်ကို တက္ကသိုလ်များက ဖြည့်ဆည်းပေး နိုင်တော့မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ရှိ သုတေသီ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ Carrer Deve-lopment ကို တိုက်ရိုက် အကျိုးရှိစေမည်ဖြစ်ကြောင်း။

သုတေသနသည် တက္ကသိုလ်၏ အသက်သွေးကြော ဖြစ်ကြောင်း၊ Research Culture တစ်ခု တက္ကသိုလ်မြေတွင် အခိုင်အမာ ပေါ်ပေါက်ရေးအတွက် သုတေသီ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ အဓိကတာဝန်ဖြစ်ကြောင်း၊ တာဝန်ရှိသူ ဆရာဆရာမများကလည်း Research Culture ပေါ်ထွန်းရေးကို ဝိုင်းဝန်းအားပေးရန် အလေးအနက်မှာကြားလိုကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် သုတေသန လုပ်ငန်းများ အားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုစီတွင် ပါရဂူတန်း ဖွင့်လှစ်သည့် တက္ကသိုလ် အနည်းဆုံးတစ်ခုရှိရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သက်လွင်က နှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့ဝင် ဆရာမကြီး ဒေါက်တာ သန်းနွဲ့က ဆုရရှိသူများ၏အမည်စာရင်းနှင့် ဆုရရှိသည့်အကြောင်းရင်းကို ဖတ်ကြားသည်။

ဆက်လက်၍ ဆုရရှိသူများအား ဆုချီးမြှင့်ရာ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သက်လွင်က ဝိဇ္ဇာပညာရပ်ဆုရရှိသူ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန ကထိက ဒေါက်တာ တင်တင်မာစန်း၊ ပြည်တက္ကသိုလ် ဒဿနိကဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာသက်သက်မြင့်၊ မုံရွာတက္ကသိုလ် စိတ်ပညာဌာန ကထိက ဒေါက်တာ တင်တင်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာ နီနီခိုင်တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်ကျော်က သိပ္ပံပညာရပ်ဆုရရှိသူ ဟသ်ာတတက္ကသိုလ် သတ္တဗေဒဌာန ကထိက ဒေါက်တာ မင်းဇော်လတ်၊ ရတနာပုံတက္ကသိုလ် ဓာတုဗေဒဌာန ကထိက ဒေါက်တာ စုဆွေစုတို့ကို လည်းကောင်း၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဆွေမြင့်က လူမှုရေးပညာရပ်ဆုရရှိသူ ရန်ကုန်ပညာရေးတက္ကသိုလ် သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဌာန ကထိက ဒေါက်တာ စုမွန်အောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးစိတ်ပညာဌာန လက်ထောက်ကထိက ဒေါက်တာ အိသဥ္ဇာကို တို့ကိုလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် ပညာရှင်အဖွဲ့ဆုရရှိကြသူများကိုယ်စား အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၊ မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာနီနီခိုင်က ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ညီလာခံကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြပြီး သုတေသနစာတမ်းဖတ်ပွဲများကို ဒီဇင်ဘာ ၂၁ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးရဲရင့်လွင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| ( ခ ) ဦးသိန်းဆွေ | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာမြင့်မြင့်သန်း | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူးဌာန |
|---|---|
| (က) ဒေါ်ခင်ခင်သီ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| (ခ) ဒေါ်သန္တာလေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ လုပ်ငန်း ကော်မတီအဖွဲ့ဝင် နေပြည်တော်ကောင်စီ ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူငယ်နှင့် စာပေအနုပညာပြပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ပြခန်းပြသမည့် ဝန်ကြီးဌာန ရှစ်ခုသည် ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ ပြင်ဆင်နိုင်ပြီဖြစ်ကြောင်း၊ အတတ်နိုင်ဆုံး အကောင်းဆုံးပြသနိုင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အခြေခံပညာကျောင်းများမှ ဖျော်ဖြေရေးအဖွဲ့၊ လေ့လာရေးအဖွဲ့၊ စာလုံးဖော် ကျောင်းသားကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများပါ လာရောက်ကြည့်ရှုနိုင်ရေးအတွက် စီစဉ်ထားကြောင်း၊ ပြပွဲသို့ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ လာရောက်ကြည့်ရှုနိုင်ရန်အတွက် ဖိတ်ကြားသွားမည်ဖြစ်ကြောင်း၊ လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ပါဝင်သည့်အတွက် လုံခြုံရေးကိစ္စရပ်များကို အထူးဂရုပြု ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် နေပြည်တော်ကောင်စီ ကောင်စီဝင် ဦးမြင့်စိုးက ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က စာပေဆိုင်ရာပြသမည့် အစီအစဉ်များ၊ အနုပညာဆိုင်ရာပြသမည့် အစီအစဉ်များ၊ ပြခန်းများပြသမည့်အစီအစဉ်များ၊ လုပ်ငန်းကော်မတီမှ စီစဉ်ဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ ကူညီဆောင်ရွက်ပေးရန် လိုအပ်သည့်ကိစ္စရပ်များ၊ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ လိုအပ်ချက်များ၊ ဆောင်ရွက်ရန်ကျန်ရှိမှုများနှင့် ထပ်မံဖြည့်စွက်လိုသည်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။



ထို့နောက် ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပြပွဲတွင် မူခင်းလျှော့ကျရေး၊ မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သရုပ်ပြသခြင်း၊ သမိုင်းဝင်ပုဂ္ဂိုလ်များနှင့် စာချုပ်စာတမ်းများ၊ မှတ်တမ်းများ ခင်းကျင်းပြသခြင်း၊ လေကြောင်းပညာရပ်ဆိုင်ရာ သရုပ်ပြသခြင်း၊ သစ်တောသစ်ပင်စိုက်ပျိုးရေး အသိပညာပေးသရုပ်ပြသခြင်း၊ ကျန်းမာရေးအသိပညာပေး သရုပ်ပြသခြင်းနှင့် လူငယ်ရေးရာလှုပ်ရှားမှုဓာတ်ပုံ၊ စာအုပ်၊ စာတမ်း၊ မှတ်တမ်းများပြသခြင်း၊ ကလေးငယ်တစ်ဦးချင်းပြိုင်ပွဲများအဖြစ် စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ အိမ်ဆောက်ကစားခြင်း၊ အဖွဲ့လိုက်ပြိုင်ပွဲများအပါအဝင် ကြီးမြတ်သောမြန်မာ၊ သူ့ကျွန်မခံပြီ၊ ဘာရုပ်ရှင်ကားများ ပြသမည့်အစီအစဉ်များကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံရွေးကောက်ပွဲစနစ်များအား လေ့လာခြင်း

မဲဆန္ဒရှင်တစ်ဦး

**ဒီမိုကရေစီ ရွေးကောက်ပွဲဆိုသည်မှာ**

အခြေခံအားဖြင့် ဒီမိုကရေစီရွေးကောက်ပွဲဆိုသည်မှာ အထွေထွေရွေးကောက်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသောပါတီများနှင့် ကိုယ်စားလှယ်လောင်း အသီးသီးအတွက် မဲဆန္ဒရှင်ပြည်သူလူထု၏ထောက်ခံဆန္ဒမဲများကို သက်ဆိုင်ရာလွှတ်တော်အသီးသီး၏ ကိုယ်စားလှယ်နေရာများအဖြစ်သို့ ပြောင်းလဲပေးလိုက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူလူထု၏ ကိုယ်စားပြုမှုကို ဖော်ဆောင်ပေးလိုက်ခြင်းပင် ဖြစ်သည်။

ပြည်သူများက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေး၍ မိမိတို့ကိုယ်စား နိုင်ငံပြုပုဂ္ဂိုလ်များဖြစ်ကြမည့် ကိုယ်စားလှယ်များကို ဆန္ဒမဲပေးရွေးချယ်ကြရသည်။ ရွေးချယ်ခံရသည့် ကိုယ်စားလှယ်များက နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်ကို တည်ဆောက်ရင်း အပြန်အလှန် ထိန်းကျောင်းရင်းဖြင့် ပြည်သူ့ထံမှဆင်းသက်လာသည့် အချုပ်အခြာအာဏာအရပ်ရပ်ကို ပြည်သူများကိုယ်စား ကျင့်သုံးဖော်ဆောင်ကြရပေသည်။

ထို့ကြောင့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ကျင့်သုံးသည့်နိုင်ငံများသည် မိမိနိုင်ငံဖြတ်သန်းလာသည့် သမိုင်းကြောင်း၊ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ၊ မိမိတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးဖြစ်ထွန်းမှုစသည့်အချက်များအပေါ်မူတည်၍ ရွေးကောက်ပွဲစနစ်၊ ရွေးကောက်တင်မြှောက်ပုံ နည်းစနစ်များကို ရေးဆွဲ ကျင့်သုံးကြရပေသည်။ ယင်းသို့ ဖော်ဆောင်ကျင့်သုံးလိုက်သည့် ရွေးကောက်ပွဲစနစ်များသည် နိုင်ငံ့အနာဂတ်အတွက် ရေတို သို့မဟုတ် ရေရှည် အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းမှု သို့တည်းမဟုတ် ဆုတ်ယုတ်မှုတို့အပေါ်တွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ရောက်လျက် ရှိနေမည်ဖြစ်သည်။

**ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အခြေခံသဘောတရားများ**

ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အခြေခံသဘောတရားများအဖြစ် လွတ်လပ်မျှတခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ သမာသမတ်ကျခြင်း၊ အများယုံကြည်ကိုးစားခြင်း၊ တာဝန်ယူမှုရှိခြင်း၊ လူထုကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအားကောင်းခြင်း၊ ပြဋ္ဌာန်းဥပဒေများနှင့် ညီညွတ်မှုရှိခြင်းတို့သည် အများကလက်ခံထားကြသည့် ဘုံအခြေခံသဘောတရားများပင် ဖြစ်ပါသည်။

မည်သည့်ဒီမိုကရေစီအုပ်ချုပ်ရေးအတွက်မဆို ရွေးကောက်ပွဲစနစ်ရွေးချယ်မှုသည် ဥပဒေရေးရာမူဘောင်များအနက် အရေးကြီးသောကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေပါသည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ်တစ်ခုသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် နက်နဲစွာ အကျိုးသက်ရောက်မှု ရှိနေပါသည်။ ထိုသို့ရွေးချယ်မှုသည်ကြိုတင်မျှော်မှန်းထားသည့် အကျိုးသက်ရောက်မှုများ ရရှိနိုင်သကဲ့သို့ မျှော်မှန်းမထားသည့် အကျိုးဆက်များလည်း ပေါ်ပေါက်စေနိုင်သည်ဟု မှတ်ယူရပေမည်။

အချို့ရွေးကောက်ပွဲစနစ်များက တစ်ပါတီတည်းက ကြီးစိုးသည့်အခြေအနေကို ပေါ်ပေါက်စေနိုင်ပြီး အချို့ရွေးကောက်ပွဲစနစ်များက ညွန့်ပေါင်းအစိုးရ တစ်ရပ်ရပ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။ အချို့ရွေးကောက်ပွဲစနစ်များက မဲဆန္ဒရှင်များအားလုံး၏ ကိုယ်စားပြုမှုကို အချိုးကျဖော်ဆောင်ပေးနိုင်ပြီး အချို့ရွေးကောက်ပွဲစနစ်များသည် မဲသာသူက အနိုင်ရရှိပြီး ကျန်မဲဆန္ဒရှင်များ၏ ကိုယ်စားပြုမှုကို လျစ်လျူပြုရာရောက်ခြင်းများလည်း ရှိနိုင်ပါသည်။ အချို့ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲကြောင့်ပင် ပါတီအဖွဲ့အစည်းအတွင်း၊ လူထုအတွင်း၊ စိတ်ဝမ်းကွဲပြားမှုများဆီသို့ ဦးတည်သွားမှုများလည်း ဖြစ်ပွားစေနိုင်ပါသည်။ မည်သည့်ရွေးကောက်ပွဲစနစ်ပင်ဖြစ်စေ လူကောင်းလူတော်များကို ရွေးချယ်ပေးနိုင်ရန် အရေးကြီးပါသည်။

ထို့ကြောင့် မိမိနိုင်ငံ၊ မိမိပြည်သူနှင့် သင့်လျော်သော ရွေးကောက်ပွဲစနစ်များကို ရွေးချယ်၍လည်းကောင်း၊ တီထွင်ဖန်တီး၍ လည်းကောင်း၊ ရွေးကောက်ပွဲစနစ် တစ်ခုမှတစ်ခုသို့ ပြောင်းလဲ၍လည်းကောင်း ရေးဆွဲကျင့်သုံးကြရာတွင် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဖြစ်နိုင်ခြေများကိုလည်း ကြိုတင်မျှော်တွေး၍ ဆင်ခြင်သုံးသပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

> **ရွေးကောက်ပွဲစနစ်များကို အခြေခံ၍ အမျိုးအစားတူ၊ စနစ်တူသော်လည်း မဲဆန္ဒနယ်၊ ကိုယ်စားလှယ်နှင့် မဲရေတွက်ပုံအမျိုးမျိုးကို ရွေးချယ်ကျင့်သုံးကြပါသည်။ အခြားသောစနစ်များဖြစ်သည့် လွှဲပြောင်း၍မရသော တစ်မဲတည်း မဲပေးစနစ်(SNTV) စနစ်၊ ကန့်သတ်မဲပေးစနစ် (LV) စနစ်၊ Modified BC စနစ်တို့ကိုလည်း နိုင်ငံအနည်းငယ်တွင် ကျင့်သုံးကြောင်း သိရှိရပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်ဆိုင်ရာ လေ့လာဆန်းစစ်သူများ၏ အဆိုအရ နိုင်ငံအများစုတွင် ကျင့်သုံးနေသော အဓိက ရွေးကောက်ပွဲစနစ် အုပ်စု သုံးအုပ်စုရှိပြီး ဗဟုအများစုကိုယ်စားပြုစနစ်ကို နိုင်ငံပေါင်း ၇၀ ကျော်တွင်လည်းကောင်း၊ အချိုးကျကိုယ်စားပြု PR စနစ်ကို နိုင်ငံပေါင်း ၈၀ ကျော်တွင်လည်းကောင်း၊ FPTP နှင့် PR ရောနှောထားသောစနစ်များကို နိုင်ငံပေါင်း ၃၀ ကျော်တို့တွင် ကျင့်သုံးလျက်ရှိကြောင်း လေ့လာသိရှိရ**

**အခြေခံရွေးကောက်ပွဲစနစ် အမျိုးအစားများ**

ရွေးကောက်ပွဲစနစ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ အဆိုအရ နိုင်ငံအများစုတွင် ကျင့်သုံးနေသော အခြေခံရွေးကောက်ပွဲစနစ်အုပ်စု သုံးအုပ်စုရှိပြီး Majority/ Plurality System ဗဟုအများစုကိုယ်စားပြုစနစ်များအုပ်စု၊ Proportional Representation System အချိုးကျကိုယ်စားပြုစနစ်များအုပ်စုနှင့် Mixed System ပေါင်းစပ်ထားသော စနစ်များအုပ်စု တို့ဖြစ်သည်ဟု ဆိုပါသည်။

**ဗဟုအများစု ကိုယ်စားပြုစနစ်များအုပ်စုတွင်** မဲအများဆုံးရသူ အနိုင်ရစနစ် (First Past The Post – FPTP)၊ နှစ်ကျော့ပြန်စနစ် (Two Round System – TRS)၊ ကြိုက်နှစ်သက်မှု ဦးစားပေးစနစ် (Alternative Vote – AV)၊ ကိုယ်စားလှယ်ဗဟိုပြုစနစ် (Block Vote – BV)၊ ပါတီဗဟိုပြုစနစ် (Party Block Vote – PBV) တို့ ပါဝင်ကြောင်း သိရှိရပါသည်။

**အချိုးကျကိုယ်စားပြုစနစ်တွင်** စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ် (List Proportional Representation – List PR) နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းမဲပေးစနစ် (Single Transferable Vote – STV) တို့ ပါဝင်ပါသည်။

**ပေါင်းစပ်ထားသည့်စနစ်များအုပ်စုတွင်** အပြိုင်စနစ် (Parallel System) နှင့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional – MMP)တို့ ပါဝင်ပါသည်။

**ဗဟုအများစုကိုယ်စားပြုစနစ်များအုပ်စု**

**ဗဟုအများစု ကိုယ်စားပြုစနစ်များအုပ်စုတွင် ပါဝင်သော မဲအများဆုံးရသူ အနိုင်ရစနစ် (FPTP) စနစ်**သည် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ရသည့် မဲဆန္ဒနယ်တွင် ဆန္ဒမဲအများဆုံးရသည့် ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ခြင်း ဖြစ်ပါသည်။ **နှစ်ကျော့ပြန်စနစ် (TRS) စနစ်**သည် ကိုယ်စားလှယ်တစ်ဦးရွေးချယ်ရသည့် မဲဆန္ဒနယ်တွင် ဆန္ဒမဲ ၅၀ ရာခိုင်နှုန်း + ၁ မဲ သို့မဟုတ် သတ်မှတ်မဲရရှိသူကို ရွေးချယ်ခြင်းဖြစ်သည်။ မည်သည့် ကိုယ်စားလှယ်တစ်ဦးမျှ သတ်မှတ်ထားသည့် မဲအရေအတွက် မရလျှင် ဆန္ဒမဲအများဆုံးရခဲ့သူ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ကိုယ်စားလှယ်များကို ဒုတိယအကြိမ် မဲပြန်ပေးပြီး ဆန္ဒမဲအများဆုံး ရရှိသူကို ရွေးချယ်သည့်စနစ်ဖြစ်ပါသည်။ **ကြိုက်နှစ်သက်မှု ဦးစားပေးစနစ် (AV) စနစ်**သည် ကိုယ်စားလှယ်တစ်ဦးရွေးချယ်ရသည့် မဲဆန္ဒနယ်တွင် မဲဆန္ဒရှင်က ကိုယ်စားလှယ်လောင်းများကို မိမိနှစ်သက်ရာ ဦးစားပေးအစဉ်လိုက် သတ်မှတ်၍ မဲအများဆုံး ရရှိသူကို ရွေးချယ်သည့်စနစ်ဖြစ်ပါသည်။ **ကိုယ်စားလှယ် ဗဟိုပြုစနစ် (BV) စနစ်**သည် ကိုယ်စားလှယ် တစ်ဦးထက် ပိုမိုရွေးချယ်ရသည့် မဲဆန္ဒနယ်တွင် ကျင့်သုံးခြင်းဖြစ်ပြီး မဲဆန္ဒရှင်များက ကိုယ်စားလှယ် တစ်ဦးထက် ပို၍ မဲပေးခွင့်ရှိသည်။ ဆန္ဒမဲအများဆုံး ရရှိသည့် ကိုယ်စားလှယ်လောင်းများက အနိုင်ရရှိသည့် စနစ်ဖြစ်သည်။ **ပါတီဗဟိုပြုစနစ် (PBV) စနစ်**သည်လည်း ကိုယ်စားလှယ်တစ်ဦးထက် ပိုမိုရွေးချယ်ရသည့် မဲဆန္ဒနယ်တွင် ကျင့်သုံးခြင်းဖြစ်ပြီး ယင်းစနစ်တွင် မဲဆန္ဒရှင်များက ပါတီတစ်ခုကိုသာ ဗဟိုပြုရွေးချယ်ရပြီး ကိုယ်စားလှယ်ကို ရွေးချယ်ခြင်း မပြုရပါ။ ဆန္ဒမဲအများဆုံးရသည့်ပါတီက မဲဆန္ဒနယ်၏ အမတ်နေရာအားလုံးကို ရရှိမည်ဖြစ်ပါသည်။

**အချိုးကျကိုယ်စားပြုစနစ်များအုပ်စု**

**အချိုးကျကိုယ်စားပြုစနစ်များအုပ်စုတွင် ပါဝင်သော စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ် (List PR) စနစ်**သည် ကိုယ်စားလှယ်တစ်ဦးထက် ပိုမိုရွေးချယ်ရသည့် မဲဆန္ဒနယ်တွင် ကျင့်သုံးသည့် PR စနစ် တစ်မျိုးဖြစ်ပါသည်။ PR စနစ်၏သဘောအရ မဲဆန္ဒနယ်ကို ကျယ်ပြန့်စွာသတ်မှတ်၍ ကိုယ်စားလှယ်များကို အချိုးကျသတ်မှတ်ရသည့်စနစ်ဖြစ်ပါသည်။ မဲဆန္ဒရှင်က ပါတီအမည်ကိုသာ ရွေးချယ်ရသည့် Closed List စနစ်နှင့် ပါတီကို ကိုယ်စားပြုသည့် မိမိနှစ်သက်ရာကိုယ်စားလှယ်ကို ရွေးချယ်ရသည့် Open List စနစ်ဟူ၍ နှစ်မျိုး ရှိပါသည်။ Closed List တွင် နိုင်ငံရေးပါတီများက မဲဆန္ဒနယ်တွင် ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အရ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်းရွေးကောက်ပွဲကော်မရှင်သို့ အမည်စာရင်းတင်သွင်းရပါသည်။ တစ်သီးပုဂ္ဂလများလည်း ဝင်ရောက်အရွေးချယ်ခံနိုင်ပါသည်။ မဲဆန္ဒရှင်က မဲလက်မှတ်ပေါ်တွင် နှစ်သက်ရာပါတီအမည် သို့မဟုတ် **တစ်သီးပုဂ္ဂလ**တစ်ဦးကိုသာ မဲပေးရွေးချယ်ရခြင်း ဖြစ်ပါသည်။ ရရှိသည့်ဆန္ဒမဲများကို အချိုးကျတွက်ချက်၍ ကိုယ်စားလှယ်အရေအတွက်အား သတ်မှတ်ပေးခြင်း ဖြစ်ပါသည်။ List PR တွင် ဘယ်ဂျီယံနိုင်ငံသား သင်္ချာနှင့်ဥပဒေပညာရှင် Victor D'hondth စတင်ဖော်ထုတ်ခဲ့သည့် D'hondth စနစ်ကို နိုင်ငံတကာတွင် အများဆုံးအသုံးပြုသည်။ ယင်းစနစ်တွင် ကိုယ်စားလှယ်ရေတွက်ရာ၌ လက်ကျန်မဲအများဆုံးစနစ် (The Largest Remainder)နှင့် အမြင့်ဆုံးပျမ်းမျှစနစ် (The Highest Average) တို့ ပါဝင်သည်။ ရိုးရှင်းလွယ်ကူသော လက်ကျန်မဲအများဆုံးစနစ်ကို နိုင်ငံအများစု ကျင့်သုံးသည်။ ပထမနည်း လက်ကျန်မဲအများဆုံးစနစ်တွင် ပထမအဆင့် ကိုယ်စားလှယ်တစ်ဦးရရှိရမည့် အခြေခံမဲ (Threshold)ကို တွက်ချက်ရသည်။ ဥပမာ– ကိုယ်စားလှယ် ၁၀ ဦး ရွေးချယ်ရမည့် မဲဆန္ဒနယ်တွင် ခိုင်လုံမဲ ၁၀၀၀၀၀ ရှိပါက ယင်းခိုင်လုံမဲ စုစုပေါင်းကို ကိုယ်စားလှယ်အရေအတွက်ဖြင့် စားခြင်းရလဒ် ၁၀၀၀၀ သည် ကိုယ်စားလှယ် တစ်ဦးရရှိရမည့် အခြေခံမဲ (Threshold)အဖြစ် သတ်မှတ်ခြင်း ဖြစ်ပါသည်။ နိုင်ငံတကာတွင် (Hare Quota) စနစ်ဟု လူသိများပါသည်။ ဒုတိယအဆင့် ပါတီအသီးသီးနှင့် တစ်သီးပုဂ္ဂလများ တစ်ဦးချင်းရရှိသည့် ခိုင်လုံမဲကို အခြေခံမဲ (Threshold) ဖြင့် စား၍ ကိုယ်စားလှယ်အရေအတွက်ကို ဆက်လက်သတ်မှတ်ပါသည်။ သတ်မှတ်ကိုယ်စားလှယ်အရေအတွက် ပြည့်မီခြင်း မရှိသေးပါက ပါတီအသီးသီးနှင့် တစ်သီးပုဂ္ဂလများ၏ လက်ကျန်မဲများကို အများအနည်းအလိုက် ဦးစားပေးအစဉ်အတိုင်း ကိုယ်စားလှယ်တစ်ဦးစီ ထပ်ဆောင်းရေတွက်ပေးရသည့်စနစ် ဖြစ်ပါသည်။ ဒုတိယနည်း အမြင့်ဆုံးပျမ်းမျှစနစ်တွင် ပါတီအသီးသီးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ရရှိသည့် ခိုင်လုံမဲများကို ပျမ်းမျှစနစ်ဖြင့်စား၍ သတ်မှတ်ကိုယ်စားလှယ်ပြည့်မီသည်အထိ အဆင့်ဆင့်ရေတွက်သည့် နည်းစနစ် ဖြစ်ပါသည်။ Open List စနစ်တွင် မဲဆန္ဒရှင်က နှစ်သက်ရာပါတီကိုယ်စားပြုကိုယ်စားလှယ်ကို မဲပေးရသည်။ ကိုယ်စားလှယ်များ ရရှိသည့် မဲစုစုပေါင်းသည် ပါတီကရရှိသည့် မဲများအဖြစ် တိုက်ရိုက်သက်ဆိုင်ပြီး အချိုးကျကိုယ်စားလှယ်ခွဲဝေပေးသည့် စနစ်ဖြစ်ပါသည်။ အချိုးကျကိုယ်စားပြုစနစ်များအုပ်စုတွင် (List PR) စနစ်ကို အများဆုံးအသုံးပြုပြီး ပါတီများနှင့် တစ်သီးပုဂ္ဂလများရရှိသည့် ထောက်ခံဆန္ဒမဲအပေါ် မူတည်၍ ကိုယ်စားလှယ်အရေအတွက် အချိုးကျသတ်မှတ်ပေးသဖြင့် မဲဆန္ဒရှင်များ၏ကိုယ်စားပြုမှု ပေါ်လွင်ထင်ရှားစေသည့်စနစ်ဖြစ်ပါသည်။

**စာမျက်နှာ ၇ သို့** ✪

❂ စာမျက်နှာ ၆ မှ

**လွှဲပြောင်း၍ရသော တစ်မဲတည်းမဲပေးစနစ် (STV) စနစ်**သည် ကိုယ်စားလှယ်တစ်ဦးထက် ပိုမိုရွေးချယ်ရသည့် မဲဆန္ဒနယ်တွင် ကျင့်သုံးသည့် PR စနစ် တစ်မျိုးဖြစ်သည်။ မဲဆန္ဒရှင်က မိမိ နှစ်သက်ရာ ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းကို မဲပေးရွေးချယ်ရပါသည်။ သတ်မှတ်ထားသော အခြေခံမဲရရှိသည့် ကိုယ်စားလှယ်လောင်းများအား အနိုင်ရကိုယ်စားလှယ်အဖြစ် သတ်မှတ်ပြီး ရွေးကောက်ရမည့် ကိုယ်စားလှယ်အရေအတွက် မပြည့်မီသေးပါက ၎င်းအနိုင်ရကိုယ်စားလှယ်လောင်း ရရှိထားသည့်အခြေခံမဲထက်ပိုနေသော လက်ကျန်မဲများကို နောက်ထပ်ကိုယ်စားလှယ်လောင်းများသို့ လွှဲပြောင်းပေးခြင်းဖြင့် ကိုယ်စားလှယ်အလုံအလောက် ရွေးကောက်ပြီးသည်အထိ အဆင့်ဆင့် ရေတွက်ရသောစနစ် ဖြစ်ပါသည်။ အဆင့်ဆင့်မဲရေတွက်မှု ရှုပ်ထွေးသောစနစ်ဖြစ်ပြီး အသုံးနည်းကြောင်း သိရှိရပါသည်။

**ပေါင်းစပ်ထားသည့် စနစ်များအုပ်စု**

**ပေါင်းစပ်ထားသည့် စနစ်များအုပ်စုသည်** သာမန်အားဖြင့် FPTP နှင့် PR ကို ရောနှောကျင့်သုံးသည့် တစ်စိတ်တစ်ပိုင်း PR (Semi PR) စနစ်ဖြစ်ပါသည်။ ယင်းအုပ်စုတွင် ပါဝင်သော **အပြိုင်စနစ် (Parallel) သည်** FPTP ဖြင့် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်များနှင့် PR ဖြင့် ပါတီအလိုက် အချိုးကျကိုယ်စားပြု ကိုယ်စားလှယ်များကို ပူးတွဲရွေးချယ်ရသည့်စနစ် ဖြစ်ပါသည်။ မတူညီသောစနစ်နှစ်မျိုးကို ပေါင်းစပ်အသုံးပြုသည့်စနစ် ဖြစ်ပါသည်။ မဲဆန္ဒရှင်က မဲလက်မှတ်တစ်စောင်တည်းပေါ်တွင် မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်၊ မိမိနှစ်သက်ရာ ပါတီကိုတစ်ကြိမ် ဆန္ဒပြုရွေးချယ်ရပါသည်။ FPTP အရ မဲအများဆုံးရသည့် ကိုယ်စားလှယ်လောင်းက ယင်းမဲဆန္ဒနယ်အတွက် အနိုင်ရကိုယ်စားလှယ်ဖြစ်ပြီး PR အရ ပါတီက အချိုးကျရရှိသည့် ထောက်ခံမဲများဖြင့် ပါတီကိုယ်စားပြုကိုယ်စားလှယ်များကိုလည်း ခွဲဝေသတ်မှတ်ပေးသည့်စနစ်ဖြစ်ပါသည်။ ယင်းစနစ်တွင် PR ဖြင့် ပါတီက အချိုးကျရရှိသော ကိုယ်စားလှယ်အရေအတွက်တွင် FPTP အရ အနိုင်ရထားသည့် ကိုယ်စားလှယ်ဦးရေကို ထည့်သွင်းခုနှိမ်၍ ရေတွက်ခြင်းမပြုဘဲ ကိုယ်စားလှယ် သီးခြားစီသတ်မှတ်ပေးသော Parallel စနစ် ဖြစ်ပါသည်။ ဥပမာ - လွှတ်တော်ကိုယ်စားလှယ် ၅၀၀ တွင် မဲဆန္ဒနယ် ၂၅၀ အတွက် ကိုယ်စားပြုကိုယ်စားလှယ်လောင်း ၂၅၀ အား FPTP ဖြင့် တိုက်ရိုက်ရွေးချယ်ပြီး ကျန် ၂၅၀ အား ပါတီအလိုက် အချိုးကျကိုယ်စားပြုစနစ် PR ဖြင့် ရွေးချယ်ခြင်းသဘောဖြစ်ပါသည်။ **ရောနှောထားသောကိုယ်စားလှယ် အချိုးကျစနစ် (MMP) စနစ်**သည် Parallel စနစ်ကဲ့သို့ပင် မဲဆန္ဒနယ်ကိုယ်စားပြု FPTP စနစ်နှင့် ပါတီအလိုက် အချိုးကျကိုယ်စားပြု PR စနစ်ကို ပေါင်းစပ်ကျင့်သုံးသည့် စနစ်ဖြစ်ပါသည်။ သို့ရာတွင် မဲရေတွက်ရာ၌ ပါတီအလိုက်ကိုယ်စားလှယ် အချိုးကျရရှိသည့် အရေအတွက်တွင် ယင်းပါတီက မဲဆန္ဒနယ်ကိုယ်စားပြု အနိုင်ရကိုယ်စားလှယ်ဦးရေကို ခုနှိမ်ပြီး အချိုးညီအောင် ရေတွက်သတ်မှတ်ပေးခြင်းဖြစ်ပါသည်။ ဥပမာ - A ပါတီက တစ်နိုင်ငံလုံးအတွက် ပါတီ အချိုးကျကိုယ်စားလှယ် ရာခိုင်နှုန်းအရ ၈၀ နေရာအတွက် ရရှိထားသည်ဆိုပါစို့။ မဲဆန္ဒနယ်ကိုယ်စားပြု အနိုင်ရကိုယ်စားလှယ် အရေအတွက် ၁၅ နေရာ ရရှိထားလျှင် ပါတီအချိုးကျကိုယ်စားလှယ် ၆၅ နေရာနှင့် မဲဆန္ဒနယ်ကိုယ်စားပြု ၁၅ နေရာ စုစုပေါင်း ၈၀ နေရာအဖြစ် အချိုးညီအောင် ရောနှောရေတွက် သတ်မှတ်ပေးသည့်စနစ် ဖြစ်ပါသည်။ **ပေါင်းစပ်ထားသည့်စနစ်များအုပ်စု** (Mixed System) စနစ်များသည် မဲဆန္ဒရှင်က နှစ်သက်ရာပါတီကိုလည်းကောင်း၊ နှစ်သက်ရာကိုယ်စားလှယ်လောင်းကိုလည်းကောင်း ခွဲခြားပြီး စိတ်ကြိုက်ရွေးချယ်ခွင့်ရှိသည့် မဲဆန္ဒရှင်ကိုယ်စားပြုမှုနှင့် ပါတီအလိုက် အချိုးကျကိုယ်စားပြုမှုကို ဖော်ဆောင်ပေးနိုင်သည့် စနစ်များ ဖြစ်ပါသည်။

အထက်ဖော်ပြပါ ရွေးကောက်ပွဲစနစ်များကို အခြေခံ၍ အမျိုးအစားတူ၊ စနစ်တူသော်လည်း မဲဆန္ဒနယ်၊ ကိုယ်စားလှယ်နှင့် မဲရေတွက်ပုံအမျိုးမျိုးကို ရွေးချယ်ကျင့်သုံးကြပါသည်။ အခြားသောစနစ်များ ဖြစ်သည့် လွှဲပြောင်း၍မရသော တစ်မဲတည်းမဲပေးစနစ် (SNTV) စနစ်၊ ကန့်သတ်မဲပေးစနစ် (LV) စနစ်၊ Modified BC စနစ်တို့ကိုလည်း နိုင်ငံအနည်းငယ်တွင် ကျင့်သုံးကြောင်း သိရှိရပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်ဆိုင်ရာ လေ့လာဆန်းစစ်သူများ၏ အဆိုအရ နိုင်ငံအများစုတွင် ကျင့်သုံးနေသော အဓိက ရွေးကောက်ပွဲစနစ် အုပ်စု သုံးအုပ်စုရှိပြီး ဗဟုအများစုကိုယ်စားပြုစနစ်ကို နိုင်ငံပေါင်း ၇၀ ကျော်တွင် လည်းကောင်း၊ အချိုးကျကိုယ်စားပြု PR စနစ်ကို နိုင်ငံပေါင်း ၈၀ ကျော်တွင် လည်းကောင်း၊ FPTP နှင့် PR ရောနှောထားသောစနစ်များကို နိုင်ငံပေါင်း ၃၀ ကျော်တို့တွင် ကျင့်သုံးလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

**အခြေခံရွေးကောက်ပွဲစနစ်အတွက် လိုအပ်ချက်များ**

မည်သို့ပင်ဆိုစေကာမူ ပြီးပြည့်စုံသော ရွေးကောက်ပွဲစနစ်ဟူ၍ မရှိနိုင်။ ရွေးကောက်ပွဲစနစ်တိုင်းတွင် အားကောင်းချက်၊ လိုအပ်ချက် အနည်းနှင့်အများ ရှိနေမည်သာဖြစ်ပါသည်။ ရွေးကောက်ပွဲစနစ်တစ်ရပ်ဖော်ဆောင်ရာတွင် လည်းကောင်း၊ စနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲကျင့်သုံးရာတွင် လည်းကောင်း အခြေခံဥပဒေနှင့်ညီညွတ်ခြင်း၊ မျှတသောကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်း၊ ရိုးရှင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ တန်းတူပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိခြင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များက မဲဆန္ဒရှင်ကို တာဝန်ခံရခြင်း၊ မတူကွဲပြားမှုများကို စုစည်းနိုင်ပြီး တူညီသောညီညွတ်မှုကို ဖော်ဆောင်နိုင်ခြင်း၊ တည်ငြိမ်သောအစိုးရတစ်ရပ်ကို ဖြစ်ပေါ်စေခြင်း၊ အုပ်ချုပ်သူအစိုးရက တာဝန်ခံမှုရှိခြင်း၊ နိုင်ငံရေးပါတီငယ်များနှင့် လူနည်းစုများကို အားပေးခြင်း၊ နိုင်ငံတကာစံသတ်မှတ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တည်ငြိမ်ပြီး ရေရှည်တည်တံ့စေခြင်း၊ တည်ငြိမ်သော နိုင်ငံရေးပုံရိပ်ကောင်းကို ဖြစ်ထွန်းစေပြီး အမျိုးသားအကျိုးစီးပွားကို ရေရှည်ဖော်ဆောင်နိုင်ခြင်းနှင့် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သော ဗဟုနိုင်ငံရေးစနစ်ကို ပိုမိုမြှင့်တင်ပေးနိုင်ခြင်း စသည်တို့အပေါ်တွင် အခြေခံ၍ စဉ်းစားသုံးသပ်ကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မိမိတို့ကျင့်သုံးလိုက်သည့် ရွေးကောက်ပွဲစနစ်ကြောင့် အုပ်ချုပ်ရေးမဏ္ဍိုင် ယိုင်နဲ့စေခြင်း၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းကြား သဟဇာတမဖြစ်ခြင်း၊ လူထုနှင့် လူထုကရွေးကောက်သည့် ကိုယ်စားလှယ်တို့အကြား ထိတွေ့ဆက်ဆံမှုကွာဟခြင်း၊ ပါတီတွင်းအရေးအရာများ၊ ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်းများအတွက် ရေရှည်လုပ်ငန်းစဉ်များ၊ အနာဂတ်နိုင်ငံရေး ဖြစ်ထွန်းမှုနှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် ထင်သာမြင်သာသက်ရောက်မှုရှိနေမည်ကို သတိချပ်ရန် လိုအပ်ပါမည်။

ရွေးကောက်ပွဲအမျိုးအစားများကို လေ့လာကြည့်လျှင် သမ္မတရွေးကောက်ပွဲများ၊ ပြည်ထောင်စုအဆင့် ဥပဒေပြုလွှတ်တော်တစ်ရပ် သို့မဟုတ် လွှတ်တော်နှစ်ရပ်အတွက် ရွေးကောက်ပွဲများ၊ ပြည်နယ် သို့မဟုတ် ဒေသဆိုင်ရာ ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများ၊ မြူနီစီပယ် သို့မဟုတ် ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲများနှင့် လူထုဆန္ဒခံယူပွဲများဟူ၍ သာမန်အားဖြင့် ရွေးကောက်ပွဲအမျိုးအစားများရှိကြောင်း သိရှိရပါသည်။

သမ္မတစနစ်ကျင့်သုံးသည့် နိုင်ငံများတွင် လူထုက သမ္မတကို တိုက်ရိုက်မဲပေးရသည့် သမ္မတရွေးကောက်ပွဲကို မဲအများဆုံးရသူ အနိုင်ရစနစ် (First Past The Post – FPTP) သို့မဟုတ် မည်သည့်သမ္မတလောင်းကမျှ ဆန္ဒမဲထက်ဝက်ကျော် သို့မဟုတ် သတ်မှတ်မဲမရသဖြင့် မဲနှစ်ကြိမ် ပြန်ပေးရသည့် နှစ်ကျော့ပြန်စနစ် (Two Round System – TRS) တို့ကို ကျင့်သုံးကြောင်း သိရှိရပါသည်။ ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများနှင့် မြူနီစီပယ် သို့မဟုတ် ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲများကိုလည်း အထက်ဖော်ပြပါ အခြေခံရွေးကောက်ပွဲစနစ်များအနက်မှ မိမိနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ်တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ ပူးတွဲကျင့်သုံးကြကြောင်း သိရှိရပါသည်။ နိုင်ငံအလိုက် ရွေးကောက်ပွဲစနစ် တစ်မျိုးတည်းကို ကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်လျှင် ရွေးကောက်ပွဲစနစ်တစ်မျိုးစီ ခွဲခြားကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်တည်းတွင် ကိုယ်စားလှယ်အရေအတွက် ခွဲခြားသတ်မှတ်၍ ရွေးကောက်ပွဲစနစ် နှစ်မျိုး ပူးတွဲကျင့်သုံးခြင်းတို့ကို မိမိနိုင်ငံအခြေအနေနှင့်အညီ ရွေးချယ်ကျင့်သုံးကြကြောင်း လေ့လာသိရှိရပါသည်။

အချို့နိုင်ငံများက မည်သည့်ရွေးကောက်ပွဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားပြီး အချို့နိုင်ငံများက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိဘဲ လွှတ်တော်ရွေးကောက်ပွဲဥပဒေကဲ့သို့သော သက်ဆိုင်ရာဥပဒေများတွင်သာ ပြဋ္ဌာန်းထားပါသည်။ မည်သည့်ရွေးကောက်ပွဲစနစ်အတွက်မဆို မဲဆန္ဒနယ်သတ်မှတ်ပေးရန် လိုအပ်ပါသည်။ ကိုယ်စားလှယ်တစ်ဦး ရွေးကောက်ရမည့် မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်တစ်ဦးထက် ပို၍ ရွေးကောက်ရမည့် မဲဆန္ဒနယ်ဟူ၍ နှစ်မျိုးရှိပါသည်။ ကိုယ်စားလှယ်အရေအတွက်နှင့် နိုင်ငံ့လူဦးရေ အချိုးအစားအပေါ်အခြေခံ၍ လည်းကောင်း၊ နယ်မြေဒေသကို အခြေခံ၍လည်းကောင်း၊ နယ်မြေတစ်ခုနှင့်တစ်ခု လူဦးရေ အချိုးညီမျှမှုကို အခြေခံ၍ လည်းကောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မဲဆန္ဒနယ်သတ်မှတ်ပုံ မတူညီကြပါ။ PR စနစ်တွင် မဲဆန္ဒနယ်ကို ကျယ်ပြန့်စွာသတ်မှတ်၍ ကိုယ်စားလှယ်အများအပြားကို ရွေးကောက်တင်မြှောက်ရသည်ဖြစ်ရာ ကိုယ်စားလှယ်တစ်ဦးချင်းအတွက် ကိုယ်စားပြုနယ်မြေတစ်နယ်မြေစီ မရှိတော့ဘဲ မဲဆန္ဒနယ်တစ်နယ်လုံးအတွက် စုပေါင်းကိုယ်စားပြုသည့် သဘောရှိနေပါသည်။ အချို့နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နယ်မြေကိုအခြေခံ၍ ကိုယ်စားလှယ်ရွေးကောက်ရမည့် ပြဋ္ဌာန်းချက်များပါရှိနိုင်မည်ဖြစ်ရာ မည်သည့် PR စနစ်ကို ရွေးချယ်ကျင့်သုံးသည်ဖြစ်စေ ယင်းပြဋ္ဌာန်းချက် မူဘောင်အတွင်းမှ နယ်မြေကိုယ်စားပြုမှုရရှိမည့် နည်းလမ်းမျိုးကိုလည်း စဉ်းစားဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

**ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရေး**

အချို့နိုင်ငံများတွင် လက်ရှိကျင့်သုံးနေသည့် ရွေးကောက်ပွဲစနစ်၏ အားနည်းချက်၊ အားသာချက်၊ နိုင်ငံသားတို့၏ အကျိုးစီးပွားလိုအပ်ချက်၊ ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသည့် နိုင်ငံရေးအကျိုးဆက်၊ အနာဂတ် နိုင်ငံ့အကျိုးစီးပွားသက်ရောက်မှုတို့အပေါ် မူတည်၍ လက်ရှိကျင့်သုံးနေသည့် ရွေးကောက်ပွဲစနစ်မှ ရွေးကောက်ပွဲစနစ်အသစ်တစ်ရပ်သို့ ပြောင်းလဲကျင့်သုံးခဲ့ကြသည့် သာဓကများလည်း ရှိပေသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ် ရွေးကောက်ပွဲ သုံးကြိမ်အပါအဝင်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပခဲ့သည့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် မကြာသောကာလက ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများကို မဲအများဆုံးရသူ အနိုင်ရစနစ် FPTP ကို ကျင့်သုံးခဲ့ပါသည်။ ယင်းသို့ FPTP စနစ်အရ တစ်မဲအသာဖြင့် အနိုင်ရသူကိုယ်စားလှယ်လောင်းက ရွေးကောက်တင်မြှောက်ခံရပြီး ကျန်ကိုယ်စားလှယ်လောင်းများအား မဲပေးခဲ့သည့် မဲဆန္ဒရှင်များ၏ ဒီမိုကရေစီအရကိုယ်စားပြုမှုမှာ ပျောက်ဆုံးနေသည့်သဘောကို တွေ့ရှိခဲ့ရပေသည်။

ရွေးကောက်ပွဲ၏ အခြေခံသဘောတရားဖြစ်သော ဒီမိုကရေစီ၏ အခြေခံကျသည့် အနှစ်သာရလည်းဖြစ်သော ကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်းသည် ရွေးကောက်ပွဲစနစ်အပေါ်တွင်သာ မူတည်နေမည်ဖြစ်သည်။ အများစု၏ဆန္ဒအတိုင်း ဆုံးဖြတ်လိုက်နာရသကဲ့သို့ အနည်းစု၏ အခွင့်အရေးကိုလည်း တရားမျှတစွာ ဖော်ဆောင်ခွင့်ရှိခြင်း စသည့်အချက်များသည် FPTP စနစ်တွင် မဲနိုင်သည့်ပါတီအတွက် အားသာချက်ဖြစ်ပြီး ကျန်ပါတီများအတွက် မဲဆန္ဒရှင်များ၏ ကိုယ်စားပြုမှု နစ်နာဆုံးရှုံးနေသည့်သဘောကို တွေ့ရှိနေရပေသည်။ ထို့ကြောင့် FPTP စနစ်၏ အားနည်းချက်ကို ကျော်လွှားနိုင်ရန်နှင့် အချိုးကျကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ရန်အတွက် PR စနစ်များနှင့် တစ်စိတ်တစ်ပိုင်း PR ဖြစ်သော Mixed System စနစ်များကို တီထွင်ကျင့်သုံးခဲ့ကြခြင်းဖြစ်မည်ဟု လေ့လာသုံးသပ်မိပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ လက်ရှိကာလဖြစ်သော အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအား ဆောင်ရွက်ပြီးစီးပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းစွာဖြင့် လွတ်လပ်မျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးပြီးလျှင် အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အနိုင်ရသည့်ပါတီက ဦးဆောင်၍ နိုင်ငံတော်တည်ဆောက်ရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိနေပေသည်။

သို့ဖြစ်ရာ ယခင်ကျင်းပခဲ့သည့်ရွေးကောက်ပွဲများ အတွေ့အကြုံ၊ ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲစနစ်၏ အားသာချက်နှင့် အားနည်းချက်များ၊ ပြည်သူတို့ ဖြတ်သန်းပေးဆပ်ခဲ့ရသည့် အချိန်ကာလ၊ နိုင်ငံရေး ဖြစ်ထွန်းခဲ့မှု၊ ပြည်သူ့အကျိုးစီးပွားရလဒ်ဖြစ်ပေါ်ခဲ့မှု၊ အနာဂတ်နိုင်ငံတော်၏ နိုင်ငံရေးပုံရိပ်နှင့် အမျိုးသားအကျိုးစီးပွားအတွက် ရေရှည်အကျိုးသက်ရောက်မှုတို့အပေါ်တွင် ပြန်လည်ဆန်းစစ်၍ လည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူအားလုံးနှင့် တိုင်းရင်းသားလူမျိုးစုများအားလုံးအတွက် မျှတသော ကိုယ်စားပြုမှုနှင့်အာမခံချက်၊ တည်ငြိမ်အေးချမ်းပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသော အနာဂတ်မျှော်မှန်းချက်များအတွက် မြော်တွေး သုံးသပ်နိုင်ကြစေရန်အလို့ငှာ အခြေခံရွေးကောက်ပွဲစနစ်များ အကြောင်းကို မဲဆန္ဒရှင်တစ်ဦးအနေဖြင့် လေ့လာတင်ပြလိုက်ရပါသည်။ ။

**ကိုးကား –**

(၁) **https://aceproject.org**

(၂) **https://en. wikipedia.org/ list of electoral systems by country**

# စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သည့် ဌာနအဖွဲ့အစည်းများ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းများ စိစစ်ညှိနှိုင်းခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မုံရွာ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သည့် ဌာနအဖွဲ့အစည်းများ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများ စိစစ်ညှိနှိုင်းခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်ဝင်းရီက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် သာမန်ငွေစာရင်း အရအသုံးဆိုင်ရာ များကိုလည်းကောင်း၊ တိုင်းဒေသကြီး စီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေနှင့်သက်ဆိုင်သည့် လုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**တက်ရောက်**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း များဆိုင်ရာ လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကချင်ပြည်နယ်အတွင်းရှိ ပရဟိတဂေဟာများနှင့် ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာရှိ ထိခိုက်လွယ်အုပ်စုများအတွက် ငွေကျပ် ၈၅၂ သိန်းကျော် ထောက်ပံ့ကြေး ပေးအပ်




**မြစ်ကြီးနား ဒီဇင်ဘာ ၁၉**

ကချင်ပြည်နယ်အတွင်းရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုပရဟိတဂေဟာများအား ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာမှ ထိခိုက်လွယ်အုပ်စုများအတွက် ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ မနောရွှေပြည်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်၍ ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းအဖွဲ့များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် စေတနာသဒ္ဓါတရား ထက်သန်စွာ ရပ်ရွာအတွင်း ပရဟိတဂေဟာများ တည်ထောင်ခြင်းအတွက် ဂုဏ်ပြုအသိအမှတ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ပရဟိတဂေဟာများတွင် ပြုစုစောင့်ရှောက်ထားသော ကလေးများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍လည်းကောင်း ယခုကဲ့သို့ ဂေဟာများ၏ လိုအပ်ချက်များအတွက် ပံ့ပိုးကူညီပေးရခြင်းဖြစ်ပါကြောင်း၊ အလားတူ ယနေ့ ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာမှ ယာယီတိုက်ပွဲရှောင်စခန်းများတွင် နေထိုင်သည့် ထိခိုက်လွယ်အုပ်စုများဖြစ်သော ကိုယ်ဝန်ဆောင်မိခင်၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ပြည်နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပရဟိတဂေဟာ ၁၃ ခုတို့အတွက် ဂေဟာများရှိ လက်ခံသည့်လူဦးရေအလိုက် ဆန်ဖိုး၊ စားစရိတ်နှင့် ဝတ်စုံစရိတ်အဖြစ် ထောက်ပံ့ငွေကျပ် ၇၉၅၉၆၀၀၀ နှင့် ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာမှ ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင် ၂၃ ဦး၊ အသက် ၅ နှစ်အောက် ကလေး ၁၄၅ ဦး၊ အသက် ၇၀ နှစ်နှင့်အထက် ဘိုးဘွား ၁၃ ဦးနှင့် မသန်စွမ်းသူ ကိုးဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၅၇၀၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပရဟိတဂေဟာများကိုယ်စား ကိုယ်စားလှယ်တစ်ဦး က ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

အလားတူ ကချင်ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနိုင်ရေး ပြည်နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကား ပြောကြားသည်။ထို့နောက် ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးဝင်းရဲထွန်းက မြေပြင်ကွင်းဆင်း စာရင်း ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ သင်တန်းဖွင့်လှစ်သွားမည့် အစီအမံများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ပြည်နယ်/ ခရိုင်/ မြို့နယ် ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက ရပ်ကွက်/ ကျေးရွာအုပ်စု/ ကျေးရွာများအလိုက် ကွင်းဆင်းကောက်ယူနိုင်ရေး ဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ သင်တန်းဖွင့်လှစ်သွားမည့် အစီအစဉ်များ၊ ကုန်ကျစရိတ်များကို တင်ပြတောင်းခံသွားမည့်ကိစ္စရပ်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ညှိနှိုင်းပေါင်းစပ်သွားမည့်ကိစ္စရပ်များနှင့် လိုအပ်ချက်၊ အခက်အခဲများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က မြေပြင်စာရင်းကောက်ယူရာတွင် ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်အဆင့်အလိုက် ကြပ်မတ်ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းများ သတ်မှတ်ချိန် ပြီးစီးအောင် မြန်ဆန်စွာ စတင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လွိုင်လင်ခရိုင်အတွင်း နယ်စပ်ဒေသလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လွိုင်လင် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများကို ခရိုင်တည်ဆောက်ရေးလုပ်ငန်း အရည်အသွေးစစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်တည်ဆောက်ရေးလုပ်ငန်း အရည်အသွေးစစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ပင်လုံမြို့ စွန်းလွန်းဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် အဝင်လမ်း ၁၃၂၀ ပေ ကတ္တရာခင်းခြင်းလုပ်ငန်း၊ ယင်းလမ်းပေါ်တွင် ၅ ပေ Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ပင်လုံမြို့ စွန်းလွန်းဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ရှိ RCC နှစ်ထပ်ကျောင်းတိုက် တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကာ လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပင်လုံမြို့ ကိုးနဝင်းစေတီအနီး ကျူဖော်ကျေးရွာနှင့် ဟွေမုန်ကျေးရွာတို့ကို ဆက်သွယ်သောလမ်း ၁/၂ မိုင် လမ်းတာချဲ့ခြင်းနှင့် အမာခံဖြူန်းကျောက်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။



အဆိုပါလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုရန်ပုံငွေကျပ် ၃၄၂ ဒသမ ၄၀၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးတွင် စာကြည့်တိုက်ပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

အခြေခံစာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံကျောင်း စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရပ်ကွက်/ ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၊ စာကြည့်တိုက်မှူးများ၊ စာဖတ်ပရိသတ်များ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သင်တန်းသား စာကြည့်တိုက်မှူးများသည် စာကြည့်တိုက်ပညာရပ်များကို သက်ဆိုင်ရာစာကြည့်တိုက်များတွင် စနစ်တကျ ပြန်လည်အသုံးချပြီး ပြည်သူများစာဖတ်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

၎င်းနောက် တိုင်းဒေသကြီးစာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရပ်ကွက်/ကျေးရွာ စာကြည့်တိုက် ၅၀ သို့ မြန်မာ့စွယ်စုံကျမ်း (အတွဲ ၁)၊ က-ကုတ် စာအုပ် ၅၀ ကို လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌက စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေးလက်စွဲ စာစောင် တစ်တိုက်လျှင် သုံးအုပ်နှုန်းဖြင့် ၁၅၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်း ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ သင်ခန်းစာသင်ကြားနေမှုများကို ကြည့်ရှုသည်။



အဆိုပါသင်တန်းအား တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးသင်တန်းသား ၂၆ ဦး၊ သင်တန်းသူ ၂၂ ဦး တက်ရောက်ကြပြီး သင်တန်းအား ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆောင်ရွက်နိုင်ရေးနှင့် စာရင်းဇယားမှန်ကန်ရေးအတွက် အဓိကထားဆောင်ရွက်

**ထားဝယ် ဒီဇင်ဘာ ၁၉**

လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဆောင်ရွက်နိုင်ရေးနှင့် စာရင်းဇယား မှန်ကန်ရေးအတွက် အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မဲဆန္ဒရှင်စာရင်း အထောက်အကူပြု လူဦးရေစာရင်းများ မြို့နယ်အလိုက် (Cross Check) ဖြင့် ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ပြောကြားသည်။

**တိုက်ဆိုင်စစ်ဆေး**

တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အနေဖြင့် မှတ်ပုံတင်မရရှိသေးသောသူများကို မှတ်ပုံတင်ရရှိရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ရာခိုင်နှုန်းပြည့်ရရှိအောင် ဆောင်ရွက်ထားရှိပြီး နိုင်(၂) ဖြင့် စာရင်းဇယားရေးသွင်းမှုများကိုလည်း ပြီးပြည့်စုံအောင် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ မှတ်ပုံတင်နှစ်ခုကိုင်ဆောင်ထားသူများ၊ အိမ်ထောင်စုစာရင်းတွင် မပါရှိသူများ၊ စာရင်းဇယား လျော့သူများ၊ သေဆုံးသူများနှင့်ပတ်သက်၍ ပုံစံ (၆၆) ဖြင့် မြို့နယ်အလိုက် ကွင်းဆင်းပြီး တိုက်ဆိုင်စစ်ဆေးမှုများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်နှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးတို့က ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်မှုလုပ်ငန်းများနှင့် လုပ်ငန်းများအောင်မြင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်စိစစ်ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ခရိုင်အတွင်းရှိ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစိစစ်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် မြို့နယ်အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရခိုင်ပြည်နယ် MSME လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြခန်းများ ပြသနိုင်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ ဒီဇင်ဘာ ၁၉**

ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြခန်းများပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အောင်မြင်မှုရရှိ**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက စစ်တွေမြို့တွင် (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြပွဲနှင့် ရောင်းချပွဲကို ကျင်းပခဲ့ကြောင်း၊ ပထမအကြိမ် ဆောင်ရွက်ခြင်းဖြစ်သော်လည်း အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ပြခန်းများ ခင်းကျင်းပြသနိုင်ရေးနှင့်စပ်လျဉ်း၍ အဆင်ပြေချောမွေ့ရေး၊ စနစ်တကျရှိစေရေး၊ ပြည့်ပြည့်စုံစုံတင်ပြနိုင်ရေး၊ MSME လုပ်ငန်းကဏ္ဍများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် MSME လုပ်ငန်းများနှင့်ပတ်သက်၍ ပြခန်းများ ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# (၆၃)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ကျိုင်းတုံ ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရွှေတြိဂံ ဂေါက်ကလပ်တွင် ဒီဇင်ဘာ ၁၈ ရက် ည ၇ နာရီက (၆၃)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပသည်။

**ဆုများချီးမြှင့်**

ဆုချီးမြှင့်ပွဲတွင် ပြည်နယ်အစိုးရအဖွဲ့ခွဲ (ကျိုင်းတုံ)ဥက္ကဋ္ဌက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းအား နေရာအရောက် ဂါရဝဂုဏ်ပြုပေးအပ်ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ပါဝင်ယှဉ်ပြိုင်ကြသော ပြိုင်ပွဲဝင်အသင်းများမှ TeamBest ရရှိသည့် ကစားသမားများ အမည်စာရင်းကြေညာ၍ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးကြပြီး အမျိုးသားတစ်ဦးချင်း(အကျောပေး) ပြိုင်ပွဲတွင် ဆုရရှိသူများ၊ အမျိုးသားအသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ဧည့်သည်တော် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပေးကြပြီး အမျိုးသားတစ်ဦးချင်း (အကျောမဲ့) ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲတွင် ဆုရရှိသူများအား တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်က ဆုများချီးမြှင့်ပေးပြီး တံခွန်စိုက်ဖလားရရှိသော တာချီလိတ်(က)အသင်းအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက တံခွန်စိုက်ဖလား ချီးမြှင့်ပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂) ရေယာဉ်အား NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်အား ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ(၁၇)ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)တို့က လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်**
**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်**

၁။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် တနင်္ဂနွေနေ့ ညနေပိုင်းက ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်အား NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ဖောက်ခွဲခဲ့မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ စုစုပေါင်း (၁၇)ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ခရီးသွားပြည်သူများအား ဤသို့ပစ်မှတ်ထား လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက်

**(၇/၂၀၂၂)**
**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်**

၁။ ဒီဇင်ဘာလ(၁၈) ရက်နေ့ ညနေ (၆)နာရီ မိနစ်(၄၀)ခန့်တွင် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ခရီးသည်များ တင်ဆောင်မောင်းနှင်လာသည့် ပြည်တွင်းရေကြောင်းပိုင် ချယ်ရီ(၂) ရေယာဉ်အား အကြမ်းဖက်သမားအချို့က ဒေသန္တရလက်လုပ်မိုင်း တစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူ (၁၇)ဦး မိုင်းစထိမှန်ကာ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ ယမန်နေ့က ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်လုပ်ရပ်သည် စားဝတ်နေရေးအတွက် နေ့စဉ်လှုပ်ရှားရုန်းကန်နေကြရသည့် အပြစ်မဲ့ပြည်သူများကို ဦးတည်ချက်ထားကာ ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်း ထင်ရှားသဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကို မဆို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်**

၁။ ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီ ၄၀ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မိသားစုရပ်ကွက် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ခရီးသည်များ တင်ဆောင်မောင်းနှင်လာသည့် ပြည်တွင်းရေကြောင်းပိုင် ချယ်ရီ(၂) ရေယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ရေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် အပြစ်မဲ့ခရီးသွားပြည်သူ (၁၇) ဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

၂။ ထိုသို့ အပြစ်မဲ့ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် မိုင်းထောင်ဖောက်ခွဲခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ပြေးဆွဲနေသည့် ချယ်ရီ(၂) ရေယာဉ်အား အကြမ်းဖက် PDF များက လက်လုပ်မိုင်းဖြင့် လူမဆန်စွာ ဖောက်ခွဲခဲ့သည့်အတွက် ခရီးသွားပြည်သူ (၁၇)ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကြားသိရပါသည်။

ထိုကဲ့သို့ ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် ရေယာဉ်အား လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အဖွဲ့သူ၊ အဖွဲ့သားများက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်**

၁။ ဒီဇင်ဘာလ ၁၈ ရက်နေ့၊ ညနေ(၆:၄၀)မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မိသားစုရပ်ကွက်၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂) ရေယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ ခရီးသွားပြည်သူ(၁၇)ဦး မိုင်းစများထိမှန်၍ ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည့်ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် လွန်စွာပင် စိတ်နှလုံးမချမ်းမြေ့ဖြစ်ရပါသည်။

၂။ ယခုကဲ့သို့ ပြည်တွင်းရေကြောင်းအပိုင် ချယ်ရီ(၂)ရေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် အပြစ်မဲ့ခရီးသွားပြည်သူများအား လူမဆန်စွာ ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုငွေထုတ်ပေး

**မော်လမြိုင် ဒီဇင်ဘာ ၁၉**

အလုပ်သမားဝန်ကြီးဌာန မြို့နယ်လူမှုဖူလုံရေးရုံး မော်လမြိုင်မြို့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုငွေထုတ်ပေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ပြည်နယ်လူမှုဖူလုံရေးရုံးမှ ပြည်နယ်တာဝန်ခံအရာရှိ ဦးသက်ဆွေက အဖွင့်အမှာစကားပြောကြားပြီး လူမှုဖူလုံရေး သမိုင်းကြောင်းနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များအား လည်းကောင်း၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တိုးတိုးချစ်က အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၏ ဥပဒေနှင့်ပတ်သက်သည့် အကြောင်းအရာများကို လည်းကောင်းရှင်းလင်းပြောကြားသည်။

ထို့နောက်မြန်မာ့မီးရထားတိုင်းအမှတ် (၈) (သွားလာရေး)မှ အာမခံအလုပ်သမား ဦးမျိုးညွှန့်၏ အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ငွေကျပ် သိန်း ၉၀ နှင့် Microfinance Delta Internation မှ အာမခံအလုပ်သမား ဦးမင်းဆက်ဇင်မှူး၏ အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ငွေကျပ် ၈၄ သိန်းကို ပြည်နယ်တာဝန်ခံအရာရှိက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# လူငယ်နှင့် စာပေအနုပညာပြပွဲ

ကိုဝင်းမော်ထွန်း

နိုင်ငံတစ်နိုင်ငံ၏ လူနေမှုအဆင့်အတန်း၊ ယဉ်ကျေးမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှု မည်မျှရှိသည်ကို သိလိုလျှင်၊ ထိုနိုင်ငံသူ နိုင်ငံသားများ စာဖတ်မှုစွမ်းရည် ဘယ်လောက်ရှိသလဲ၊ လူဦးရေ မည်မျှ စာဖတ်ကြသလဲ၊ မည်သို့သော စာအမျိုးအစားများကိုဖတ်ရှုကြသလဲ စသည့်အနေအထားကို ကြည့်၍ ဆုံးဖြတ်ကာသိရှိနိုင်သည်ဟု ဆိုပေ၏။ ဤသည်ကိုကြည့်လျှင် စာဖတ်ခြင်းသည် တိုင်းပြည်နှင့် လူမျိုးအတွက် အဘယ်မျှအရေးကြီးသည်ကို သိသင့်ကြပေသည်။

ယခုလာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားအပ်သည့် “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့” ဖြစ်၏။ (၇၅)နှစ်မြောက် စိန်ရတုကာလသို့တိုင်ခဲ့ပေပြီ။

သူ့ကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှတ်တမ်းစာအုပ်များကို ရှာဖွေဖတ်ရှုကြမှသာလျှင် ယနေ့လူငယ်လူရွယ်တို့ သိရှိနိုင်ကြပေမည်။ လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့အောင် စောင့်ရှောက်ထိန်းသိမ်းခဲ့ကြမှုသမိုင်းကိုလည်း လေ့လာကြရမည်၊ ရှေးဘိုးဘေးမိဘတို့ လက်လှမ်းမီသမျှပြောပြသော လွတ်လပ်ရေးတိုက်ပွဲများအကြောင်းကို နားစိုက်ထောင်ရုံသာမက၊ မိမိတို့လူငယ်ထုကိုယ်တိုင် စာအုပ်စာပေ ရှာဖွေဖတ်ရှုခြင်းကိုလည်း မလွှဲမသွေ လုပ်ဆောင်ကြရပေမည်ဖြစ်၏။ “စာမတတ်၊ စာမဖတ်လျှင် အကန်းနှင့်တူသည်” ဆိုစကား အလေးထားရင်း၊ ပညာသင်ယူဆည်းပူးပြီး၊ Hi-Tech နည်းပညာသစ်များကို အသုံးပြု၍ စာပေ၊ အနုပညာတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရပေမည်။

### အနုပညာလက်ရာမြောက်မှုများ

Art ဆိုသော အနုပညာနယ်ပယ်သည် လွန်စွာကျယ်ပြန့်ပေ၏။ မိမိ၏ခံစားချက် စိတ်ကူးစိတ်သန်းတို့ကိုပုံဖော်ရာ၊ ရေးသားရာစာပေ၊ ရေးဆွဲရာပန်းချီ၊ ဖော်ပြရာအမှုအရာ Performance Arts. အစရှိသည် ရှိပေရာ မြန်မာမှုနယ်ပယ်တွင် ပဲ၊ ထိမ်၊ တင်း၊ တော့၊ ရန်၊ ပု၊ မော့၊ ပွတ်၊ ချီ၊ ယွန်း ဆိုသည့် ဘုရားမတင်၊ နတ်မဝင် လူတွင်ပန်းဆယ်မျိုးဆိုသည်မှာ ဟိုရှေးယခင်ကတည်းက ရှိခဲ့ပေသည်။ ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း (တင်း)၊ ပန်းတော့၊ ပန်းရန်၊ ပန်းပု၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း အစရှိသည်တို့၏ အနုပညာ လက်ရာမြောက်မှုများကို မြန်မာနိုင်ငံ၏ ရှေးဟောင်းဘုရားစေတီပုထိုးများတည်ရှိရာ နေရာအနှံ့၌ တွေ့ရပေ၏။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် (World Heritage) ပုဂံနယ်မြေတွင် အများဆုံးတွေ့ရှိနိုင်ပေ၏။




မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာလက်ရာများကို လေ့လာ၍မကုန်နိုင်ဖွယ်ဖြစ်နေခြင်း၊ နံရံဆေးရေးပန်းချီ စသည့် ရှေးခေတ်အနုပညာရပ်များကို နှောင်းလူတို့မှတစ်ဆင့် ယနေ့ခေတ်လူငယ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းအမွေအဖြစ် စောင့်ထိန်းသင့်စေခြင်းတို့သည် မြန်မာ့ချစ်စဖွယ် ဓလေ့ပင်။

မြန်မာတို့ရဲ့ အမျိုးသားရေးတာဝန်အဖြစ် မမေ့အပ်သောရိုးရာအမွေအနှစ် ဒြပ်ရှိ၊ ဒြပ်မဲ့များကို “ကမ္ဘာတည်သရွေ့ မြန်မာဟေ့”ဟု ဆိုနိုင်ရန် ဖြစ်ကြောင်း အထူးဆိုဖွယ်မရှိပေ။ လူငယ်များ၏ စိတ်ဝယ် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် ကိန်းဝပ်နေစေရေးနှင့် အိုင်တီ(IT) နည်းပညာခေတ်တွင် ခေတ်နောက်မကျဘဲ နည်းပညာအသစ်အဆန်းများကို တီထွင်ဖန်တီးစေမည်။ ထိုမှဆက်၍ လူငယ်ထု အနုပညာဘာသာရပ်ကို ရိုးရာယဉ်ကျေးမှုမပျက် ဆက်လက်ဖန်တီးနိုင်ရန်၊ ကမ္ဘာ့အလယ်ဝင့်ထည်နိုင်စေရန် ကြိုးစားကြရပေမည်။ သို့ဖြစ်ရာ ယခုလို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်အစိုးရက ကျင်းပပေးသော “လူငယ်နှင့်စာပေအနုပညာပြပွဲ” ကို သွားရောက်ကြည့်ရှုလေ့လာရင်းဖြင့် အသိပညာဗဟုသုတ၊ အတတ်ပညာ (လက်မှု/စက်မှုဆိုင်ရာအသိများ) ဆပွားတိုး၍လာနိုင်ပေသည်။

### လူငယ်စကားဝိုင်း

လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ ကာယဗလအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှလည်း ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲများ၊ အားကစားပြိုင်ပွဲအသီးသီး ကျင်းပပြုလုပ်လေ့ကျင့်စေခဲ့၏။ ဉာဏ်ပညာ၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ “လူငယ်စကားဝိုင်း” ကို ကျင်းပပြုလုပ်လျက် လူငယ်တို့ကိုယ်တိုင် ပါဝင်ဆွေးနွေးစေ၏။ လူငယ်နှင့် စာပေ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာရိတ္တမြင့်တင်ရေး၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်၊ လူငယ်နှင့် အချိန်၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် စာဖတ်ခြင်း စသောအကြောင်းအရာမျိုးစုံကို မြို့နယ်၊ နေရာဒေသအသီးသီး၊ စာသင်ကျောင်းများ၊ လူထုအခြေပြုဗဟိုဌာန (Community Center) တို့တွင် ကျင်းပပြုလုပ်ပေးလျက်ရှိသည်။ လူငယ်နှင့် ငြိမ်းချမ်းရေး၊ လူငယ်နှင့် Online Games အစရှိသော ဂိမ်းဆော့လွန်ခြင်းအန္တရာယ် (ကောင်းကျိုး/ဆိုးပြစ်)၊ လူငယ်နှင့် နိုင်ငံရေးဆိုင်ရာ အသိအမြင် စသောခေါင်းစဉ်များဖြင့် ထည့်သွင်းဆွေးနွေးနိုင်မည်ဆိုပါက ပို၍ကောင်းမွန်မည်ထင်မြင်မိပါ၏။ ဒီမိုကရေစီခေတ်တွင် လူငယ်ထုသည် အသက်(၁၈)နှစ်ပြည့်ပါက မဲပေးခြင်းပြုလုပ်ရမည်ဖြစ်ရာ ဆန္ဒမဲပေးပုံစနစ်၊ နိုင်ငံရေးအတွက် အထွေထွေရွေးကောက်ပွဲအရေးပါပုံ၊ နိုင်ငံ့ခေါင်းဆောင် ရွေးချယ်မှုအနေအထားများကို လူငယ်အများ အချိန်စောစွာ သိရှိထားပါမူ ပိုမိုကောင်းမွန်မည်ဟု ယူဆမိပါသည်။

အနုပညာဆိုင်ရာနယ်ပယ်တွင် ကျင်လည်ကျက်စားကြရာ၌ စာပေအနုပညာ၊ တေးဂီတ၊ ရုပ်ရှင်သဘင်၊ ဗီဒီယို၊ ရုပ်မြင်သံကြားဇာတ်လမ်း စသည့်အသီးသီးရှိကြပေရာ အချို့လူငယ်များသည် နိုင်ငံတကာ Short Films Competition များတွင် ဆုများရရှိကြသည်ကို တွေ့မြင်နေရ၏။ International platform တစ်ခုရရှိခြင်းပင်။ မိမိနိုင်ငံအတွင်းဖွင့်လှစ်ထားသော အနုပညာဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်အသီးသီး၌လည်း လူငယ်များသင်ယူဆည်းပူးလျက်ရှိကြပေ၏။ နိုင်ငံတကာအဆင့် ရုပ်ရှင်အနုပညာဘာသာရပ်ခွဲဆိုင်ရာ သင်တန်းများ၌ မြန်မာလူငယ်အများစု သွား၍ တက်ရောက်သင်ယူနေကြသည်ကို သိရပေရာ မြန်မာ့အနုပညာရှေ့ခရီးအတွက် လွန်စွာနှစ်ထောင်းအားရရှိလှပေ၏။ စာပေဆိုင်ရာ၌လည်း မြန်မာ့စာပေကမ္ဘာအဝန်းပျံ့နှံ့စေရန် အခြားနိုင်ငံရပ်ခြားဘာသာများဖြင့် ထုတ်ဝေခဲ့သည့် မြန်မာစာရေးဆရာ ဆရာမတို့၏စာအုပ်များ များစွာရှိလာပြီဖြစ်သည်။ စာမျိုးစုံကို ယခုမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC – 2) နေပြည်တော်တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၆၊ ၂၇၊ ၂၈ ရက်နေ့များတွင် ကျင်းပမည့် “လူငယ်နှင့် စာပေအနုပညာပြပွဲ”၌ တွေ့မြင် ဖတ်ရှုမှုပြုနိုင်ကြမည်ဖြစ်သည်။

> မြန်မာတို့ရဲ့ အမျိုးသားရေးတာဝန်အဖြစ် မမေ့အပ်သောရိုးရာအမွေအနှစ် ဒြပ်ရှိ၊ ဒြပ်မဲ့များကို “ကမ္ဘာတည်သရွေ့ မြန်မာဟေ့” ဟု ဆိုနိုင်ရန်ဖြစ်ကြောင်း အထူးဆိုဖွယ်မရှိပေ။ လူငယ်များ၏စိတ်ဝယ် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် ကိန်းဝပ်နေစေရေးနှင့် အိုင်တီ(IT) နည်းပညာခေတ်တွင် ခေတ်နောက်မကျဘဲ နည်းပညာအသစ်အဆန်းများကို တီထွင်ဖန်တီးစေမည်။ ထိုမှဆက်၍ လူငယ်ထု အနုပညာဘာသာရပ်ကို ရိုးရာယဉ်ကျေးမှုမပျက် ဆက်လက်ဖန်တီးနိုင်ရန်၊ ကမ္ဘာ့အလယ်ဝင့်ထည်နိုင်စေရန် ကြိုးစားကြရပေမည်။ သို့ဖြစ်ရာ ယခုလို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်အစိုးရက ကျင်းပပေးသော “လူငယ်နှင့်စာပေအနုပညာပြပွဲ” ကို သွားရောက်ကြည့်ရှုလေ့လာရင်းဖြင့် အသိပညာဗဟုသုတ၊ အတတ်ပညာ (လက်မှု/စက်မှုဆိုင်ရာအသိများ) ဆပွားတိုး၍လာနိုင်

လူငယ်ဘဝမှာ သင်ယူလေ့လာရင်းဖြင့် မိမိတို့၏ ရဲဝံ့စိတ်၊ စွန့်စားလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်တို့ကို အသိဉာဏ်ပညာ ဆင်ခြင်တုံတရားဖြင့် ထိန်းချုပ်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးစားသင့်ကြပေသည်။ အတ္တဟိတ၊ ပရဟိတစိတ်ကိုလည်း မျှတစွာမွေးမြူ၍ မိမိဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိတို့လူ့ဘောင်လောက သာယာလှပစေရပေမည်။ အနုပညာဖန်တီးမှုအတတ်ပညာ၊ အနုပညာချစ်မြတ်နိုးစိတ် အခြေခံရှိမှုကလည်း အရေးပါလှပေသည်။ အနုပညာတစ်ရပ်ရပ်အပေါ် ခုံမင်စိတ်တို့ကလည်း လောဘ အလောဘ၊ ဒေါသ အဒေါသ၊ မောဟ အမောဟ တရားတို့ကို နှလုံးသွင်းမှန်စေမည်ဖြစ်ပေ၏။ စာဖတ်သည်ဆိုရာဝယ် ပြည်တွင်းပြည်ပစာပေများကို မိမိနှစ်သက်ရာကဏ္ဍအလိုက် ရှာဖွေဖတ်ရှုနိုင်လျှင် ပိုကောင်းပေ၏။ နိုင်ငံတကာစာပေဆိုရာ၌ အမိမြန်မာနိုင်ငံသူ နိုင်ငံသားလူငယ်တို့ အရင်းနှီးဆုံး အင်္ဂလိပ်စာအုပ်များ ဖတ်ရှုရာ၌ ဆိုင်ရာဝေါဟာရအဘိဓာန် Dictionary အသုံးပြု၍ ဖတ်ရလွယ်ကူစေသည်။ အခြားဘာသာစကား Language များဖြင့် ရေးထားသည်များကို ဖတ်နိုင်ပါက ပို၍မူရင်းအရသာကို ခံစားရမိပေမည်။ နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL/MUFL)တို့တွင် တက်ရောက်သင်ကြားနေကြသော ကျောင်းသားကျောင်းသူတို့အတွက် ပိုမို၍ လွယ်ကူစွာ လေ့လာဖတ်ရှုနိုင်သော အခွင့်အလမ်းတစ်ရပ်ရှိပေသည်။

### ငြိမ်းချမ်းရေး သင်္ကေတနိမိတ်ပုံ

ယနေ့ခေတ်ကမ္ဘာ၌ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးအန္တရာယ်ကိုလည်း ဂရုပြုနေထိုင်နေကြရပေသည်။ ဟိုခေတ်ဟိုကမ္ဘာက ကမ္ဘာဖျက်မိုးကြီးရွာပြီး ရေပြင်အတိဖြစ်စဉ် ကျန်ရှိကုန်းမြေရှာရန် နောဇတို့အဖွဲ့သည် သင်္ဘောတစ်စင်းဖြင့်ထွက်ခဲ့သည်ဆို၏။ လူ၊ တိရစ္ဆာန်၊ ငှက် အဖို၊ အမ တစ်စုံစီတင်၍ ကမ္ဘာ့ကုန်းမြေရှာခဲ့ကြ၏။ တစ်နေ့သ၌ သံလွင်တစ်ခက်ကိုက်ချီပျံသန်းလာသော ချိုးငှက်ကလေးကြောင့် ကုန်းမြေရှာဖွေတွေ့ရှိခဲ့ရ၏။ သို့ဖြစ်၍ ယနေ့ကမ္ဘာနှင့်အဝှမ်း ငြိမ်းချမ်းရေး သင်္ကေတနိမိတ်ပုံအဖြစ် ချိုးငှက် သံလွင်ခက်ကိုက်ချီလာပုံကို တညီတညွတ် အသုံးပြုလာခဲ့ကြသည်ဟု ဖတ်ရှုသိရှိခဲ့ရပေ၏။

ဤသည်တို့မှာကား စာပေဖတ်ရှုခြင်း၊ အနုပညာတစ်ရပ်ကို ခံစားမိခြင်းမှရခဲ့သော အသိများပင်တည်း။

သို့ဖြစ်၍ ယနေ့ လူငယ်လူရွယ်အများစု မိမိတို့လက်ကိုင်ဖုန်းများကို ဂိမ်းကစားရာ၌သာ အသုံးမချဘဲ၊ ကမ္ဘာအနှံ့ ရှာဖွေဆည်းပူးပညာသင်ယူနိုင်၊ ဗဟုသုတရှာမီးနိုင်သည့် ဝက်ဘ်ဆိုက် World Wide Web (www. )ကို အကျိုးဖြစ်စေရန်အတွက် အသုံးပြုသင့်ကြပေသည်။ “စာအုပ်စာပေ လူ့မိတ်ဆွေ” ဆိုသည့်အတိုင်း မိမိလက်လှမ်းမီရာစာပေများကို ရွေးချယ်ဖတ်ရှုခြင်းဖြင့် မိမိအနာဂတ် မိမိလှပစွာ ပုံဖော်နိုင်ကြသူများ ဖြစ်နိုင်ကြပါစေ၊ နောင်တစ်ခေတ်၏ တိုင်းပြည်ခေါင်းဆောင်ကောင်းများ ဖြစ်စေရန် ကြိုးပမ်းနိုင်ကြပါစေဟု ဆန္ဒပြုမိပါ၏။ မကြာသေးမီက “ကောင်းဆုသာစာပေ” ထုတ် “ဆရာညီညီစျာန်” ရဲ့ “လူငယ်နှင့်ဘဝလက်ဆောင်” စာအုပ်မှ စာစုလေးကို မျှဝေရင်း ဤဆောင်းပါးကို ရေးသားတင်ပြလျက် “လူငယ်နှင့် စာပေအနုပညာပြပွဲ”ကို ဂုဏ်ပြုကြိုဆိုလိုက်ပါသည်။

“ဘဝမှာ ကြိုးစားရှင်သန်ပါ ဘယ်အခက်အခဲမဆို ရအောင်ဖြတ်သန်းပါ မအောင်မြင်ခင်စပ်ကြားသူတစ်ပါးရဲ့ ဝေဖန်သံတွေကို နားမယောင်ပါနဲ့ တစ်နေ့ သင်အောင်မြင်လာတဲ့အခါ သူတို့တွေ သင့်ကို အလိုလို မှီခိုလာပါလိမ့်မယ်”။ ။

**ဖတ်ရှုကိုးကား** - ဆရာကြီး မုံရွာတိုးဝေ(ပန်းရန်)၏ “ဆယ်ပွင့်ပန်းမှ ငြိမ်းချမ်းသင်္ကေတ” ဆောင်းပါး(ချင်းတွင်းဂုဏ်ရည်မဂ္ဂဇင်း၊ အမှတ် ၅၊ ၂၀၁၆ ခုနှစ်)

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ကွမ်းစိုက်တောင်သူများအဆင်ပြေ

**စစ်ကိုင်း ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေ ရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲစိုက်ပျိုးကြပြီး မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အစိုက်နည်းပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

ကွမ်းပင်များကို ဝါဆိုလ(ဇွန်လ)တွင် စိုက်ပျိုးကြပြီး ကွမ်းပျိုးပင် တစ်ပင်လျှင် ကျပ် ၄၀၀-၅၀၀ ပေးဝယ်ရပြီး တစ်ဧကလျှင် ကွမ်းပင် ၃၀၀၀ ခန့် စိုက်ပျိုးရသည်။ စိုက်ပျိုးပြီး လေးလခန့်အရွယ်တွင် ခူးဆွတ်နိုင်ပြီး အစမ်းခူးသည့်အချိန်တွင် ပိဿာ ၄၅-၅၀ ထွက်ရှိကာ တစ်နှစ်ကျော်လျှင် အထွက်နှုန်း တိုးလာပြီး ပိဿာ ၂၀၀-၂၅၀ အထိ ထွက်ရှိကြောင်း၊ မြေပြုပြင်ခြင်း၊ မျိုး၊ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် လုပ်သားခများအပါအဝင် ကွမ်းအပင်ရေ ၁၀၀၀ ခန့် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ် ၁၅ သိန်းခန့်ကုန်ကျပြီး မြေဆီမြေသြဇာကောင်းမွန်မှုနှင့် ဂရုစိုက်မှုပေါ်မူတည်၍ ကွမ်းသက်တမ်း သုံးနှစ်မှ ခုနစ်နှစ်အထိ ကြာမြင့်သောကြောင့် အကျိုးအမြတ်အနေဖြင့် ကျပ်သိန်း ၃၀ နှင့်အထက် ရရှိကြောင်း သိရသည်။

မုံရွာမြို့နယ် ကွမ်းဈေးကွက်အနေဖြင့် ဒီဇင်ဘာလပထမပတ်တွင် ကွမ်းတစ်ပိဿာလျှင် ကျပ် ၈၅၀၀-၁၀၀၀၀ ဈေးရရှိပြီး ယခု ဒီဇင်ဘာလ ဒုတိယပတ်တွင် အရည်အသွေးအပေါ်မူတည်ပြီး တစ်ပိဿာလျှင် အနိမ့်ဆုံးဈေး ကျပ် ၇၀၀၀ မှ အမြင့်ဆုံးဈေး ကျပ် ၉၀၀၀-၉၅၀၀ အထိ ရောင်းချရပြီး အရောင်းအဝယ်သွက်ကာ ကွမ်းစိုက်တောင်သူများ အဆင်ပြေနေကြောင်း တောင်သူများထံမှ စုံစမ်းသိရှိရသည်။ **DOCA(စစ်ကိုင်း)**



# ဈေးမြင့်တက်နေသည့် ရှမ်း(တောင်)ကော်ဖီစေ့

**ပင်းတယ ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့တွင် ကော်ဖီသီးများ ရင့်မှည့်ချိန် နိုဝင်ဘာလမှမတ်လအထိ ခူးဆွတ်၍ ဈေးကွက်တင် ကုန်ချောများအဖြစ် ထုတ်လုပ်ပြီး ဧပြီလမှစတင်ကာ နိုဝင်ဘာလအထိကာလအတွင်း ပြည်ပသို့ တင်ပို့ရောင်းချနေကြကြောင်း၊ ယခုနှစ်တွင် ကော်ဖီသီးခူးဆွတ်ချိန်ဖြစ်သည့် နိုဝင်ဘာလအတွင်းမှာပင် ထိုင်းနိုင်ငံမှ ဝယ်လက်များ ဒေသအရောက် ကွင်းဆင်းဝယ်ယူနေမှုကြောင့် ဈေးတက်ပြီး အရောင်းသွက်လျက်ရှိကြောင်း၊ ယခင်နှစ်က ကော်ဖီစေ့တစ်ပိဿာလျှင် ကျပ် ၈၀၀ ရှိခဲ့ရာမှ ယခုနှစ်ရာသီအစမှာပင် ကော်ဖီစေ့တစ်ပိဿာလျှင် ကျပ် ၂၅၀၀ အထိ ဈေးနှုန်းရရှိနေမှုကြောင့် ဈေးနှုန်းသုံးဆကျော် တိုးတက်ရရှိလျက်ရှိကြောင်း သိရသည်။ **DOCA(ရှမ်း)**

# ငရုတ်သီးခြောက် ဈေးအနည်းငယ်မြင့်တက်လျက်ရှိ

**လွိုင်ကော် ဒီဇင်ဘာ ၁၉**

ကယားပြည်နယ်တွင် စားဖိုဆောင်သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးကို မိုးတွင်းနှင့် ဆောင်းတွင်းတွင် စိုက်ပျိုးကြသည်။ လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာ၊ ရွာတန်းရှည်ကျေးရွာ၊ ကုန်းသာကျေးရွာနှင့် လင်ဖုံလေးကျေးရွာတို့တွင် အဓိကစိုက်ပျိုးလျက်ရှိပြီး ငရုတ်သီးခြောက်တောင့်ရှည်နှင့် အပုခြောက် (ကုလားအော်သီးခြောက်)ဟူ၍ နှစ်မျိုးရှိပြီး ငရုတ်သီးခြောက်တောင့်ရှည် တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ နှင့် ကုလားအော်သီးခြောက် တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ နိုဝင်ဘာလ ဒုတိယပတ်တွင် ငရုတ်သီးခြောက်တောင့်ရှည် တစ်ပိဿာလျှင် ကျပ် ၁၃၅၀၀၊ ကုလားအော်သီးခြောက် တစ်ပိဿာလျှင် ကျပ် ၁၉၅၀၀ ရှိခဲ့ပြီး ဒီဇင်ဘာလ ဒုတိယပတ်နှင့်နှိုင်းယှဉ်လျှင် ငရုတ်သီးခြောက်တောင့်ရှည် တစ်ပိဿာလျှင် ကျပ် ၅၀၀၊ ကုလားအော်သီးခြောက် တစ်ပိဿာလျှင် ကျပ် ၅၀၀ ခန့် မြင့်တက်လျက်ရှိကြောင်း ငရုတ်သီးခြောက် ရောင်းချသူတစ်ဦးထံမှ စုံစမ်းသိရှိရသည်။ **DOCA(ကယား)**

# ပြည်တွင်း ရွှေဈေးကွက်အလားအလာ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်း ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၅ ဖြစ်၍ ယခင်အပတ် ရွှေဈေးနှုန်းထက် ၇ ဒေါ်လာ အနည်းငယ်ပိုမိုလာခဲ့သည်။ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာလည်း ယခုအပတ် ငွေကျပ် ၂၁၁၄၅၀၀ ဖြစ်ပြီး ယခင်အပတ်ထက် ငွေကျပ် ၈၀၀၀ ပိုမိုသတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက်ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ငွေကျပ်လေးသိန်းကျော်ခန့် ပိုမိုနေကာ လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၅၃၀၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးနှုန်း အနည်းငယ်ပိုမိုလာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ ယခင်အပတ် ဈေးကွက်ပေါက်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **DOCA ( ရန်ကုန်)၊ Source – YGEA**

# ကြက်သွန်နီဈေးကွက်အခြေအနေ

**စစ်ကိုင်း ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြက်သွန်စိုက်ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီး၍ ယနေ့အထိ ဧကပေါင်း ၁၆၀၀ ကျော် ရိတ်သိမ်းပြီးကြောင်း သိရသည်။ မုံရွာပွဲရုံသို့ မိုးကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေပြီး နေ့စဉ်ပိဿာချိန် ၁၀၀၀၀ ခန့်ဝင်ရောက်လျက်ရှိသည်။ မုံရွာမြို့ ပွဲရုံများသို့ ဝင်ရောက်လာသော ကြက်သွန်နီများကို ဒေသတွင်းအဆွဲများရှိခြင်း၊ ရန်ကုန်၊ မန္တလေးနှင့် ချင်းတွင်းအထက်မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်း သိရသည်။

**ဈေးအနည်းငယ်ကျ**

ယခုတစ်ပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျက်ရှိသော မိုးကြက်သွန်နီအသစ်လက်ကား တစ်ပိဿာပေါက်ဈေးနှုန်းများမှာ (ကြီး) ကျပ် ၃၃၀၀-၃၄၀၀၊ (လတ်) ကျပ် ၂၈၀၀-၃၀၀၀၊ (သေး) ကျပ် ၂၅၀၀-၂၇၀၀၊ အသေးဆုံးမှာ ကျပ် ၁၀၀၀-၁၃၀၀ နှုန်းနှင့် အလုံးဆိုက် အကြီး အသေး၊ အစိုအခြောက် အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းများ ကွာခြားမှုရှိသည်။ မိုးကြက်သွန်နီ လက်လီဈေးနှုန်းများမှာ(ကြီး) ကျပ် ၃၅၀၀-၃၈၀၀၊ (လတ်) ကျပ် ၃၀၀၀-၃၄၀၀၊ (သေး) ကျပ် ၂၇၀၀-၃၀၀၀ ရှိသည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ပွဲစား၊ လှောင်လက်များ အဝယ်နည်းနေသဖြင့် ဈေးအနည်းငယ်ကျလျက်ရှိသည်။ ကြက်သွန်ဖြူလက်လီဈေးမှာ (ဗမာ) ကျပ် ၅၀၀၀-၆၀၀၀၊ (ရှမ်းစ) ကျပ် ၄၅၀၀-၅၀၀၀၊ ကြူကုတ် ကျပ် ၅၅၀၀-၆၀၀၀ ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**(ဗေဒါကုန်သွယ်မှုဗဟိုဌာန)**

# စစ်တွေကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာလအတွင်း ချင်း(အစို) တင်ပို့မှု ငါးဆခန့် မြင့်တက်ခဲ့

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို စဉ်ဆက်မပြတ်တင်ပို့လျက်ရှိသည်။

စစ်တွေ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နေသည့် အဓိကပို့ကုန်အုပ်စုများမှာ ငါးမြစ်ချင်း၊ ချင်း(အစို)၊ မန်ကျည်းစေ့၊ နနွင်းတက်၊ စစ်တုံဥ၊ ဆီးဖတ်၊ ဆီးသီးခြောက်၊ အုန်းသီးခြောက်တို့ဖြစ်သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုဝင်ဘာလတွင် ချင်း(အစို)တစ်တန်လျှင် ကန်ဒေါ်လာ ၄၅၀ နှုန်းဖြင့် တန်ချိန် ၄၉၀ ခန့် တင်ပို့နိုင်ခဲ့သဖြင့် အောက်တိုဘာလတွင် တင်ပို့ခဲ့သည့် ပို့ကုန်တန်ချိန် ၉၈ တန်နှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပမာဏ ငါးဆခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၉-၁၂-၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀(သစ်) | | ၁၃၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၂၀၀ | ၁၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၆၈၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၅၀၀၀ | ၄၈၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၇၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၅၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၅၀၀၀ | | ၂၀၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၅၀၀ | ၂၆၇၀၀၀၀ |
| ၄ | တောင်ကြီး | ၂၂၅၀ | ၁၉၅၀ | ၁၀၀၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၃၈၀၀ | ၅၀၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၅၀၀ | ၂၅၅၅၀၀၀ |
| ၅ | လွိုင်ကော် | ၂၉၅၀ | ၂၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၂၀၀ | ၄၃၀၀ | ၁၁၀၀ | ၄၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၇၀၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၈၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၆၇၃၀၀၀ |
| ၇ | မော်လမြိုင် | ၁၆၅၀(သစ်) | | ၁၃၅၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၅၀၀၀(သစ်) | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၇၂၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၈၀၀ | ၄၈၀၀ | ၅၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၂၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၇၅၀၀၀ |
| ၉ | မြိတ် | ၂၁၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၅၁၀၀ | ၄၇၀၀ | ၅၁၀၀ | ၂၄၀၀ | ၈၀၀ | ၆၁၀၀ | ၄၁၀၀ | ၄၈၀၀ | ၃၅၀၀ | ၃၁၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၇၈၀၀၀ |
| ၁၀ | ရန်ကုန် | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၅၃၀၀ | ၆၂၀၀ | ၅၂၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၄၂၀၀ | ၄၂၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၄၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၅၀ | ၁၇၅၀ | ၁၂၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၈၀၀ | ၄၈၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၅၀၀ | ၈၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | | ၂၆၈၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၁၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၂၇၅၀၀၀၀ |
| ၁၄ | မုံရွာ | ၂၅၅၀ | | ၉၅၀၀ | ၅၄၅၀ | ၂၀၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၀၀ | ၈၀၀ | ၅၂၀၀ | ၆၄၀၀ | ၄၃၀၀ | ၂၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၆၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၇၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၉၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၆၀၀ | ၅၅၀ | ၅၆၀၀ | ၅၃၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၈၅၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၈၀၀(သစ်) | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၂၅၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၈၅၀၀၀ |
| ၁၈ | ပြည် | ၁၈၀၀(သစ်) | | ၁၂၅၀၀ | ၅၆၀၀ | ၂၅၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၈၀၀၀၀ |
| ၁၉ | ပဲခူး | ၁၈၅၀(သစ်) | | ၁၃၅၀၀ | ၅၈၀၀ | ၂၁၀၀၀ | ၅၂၀၀ | ၄၅၀၀ | ၃၈၀၀ | | ၂၀၀၀ | ၆၀၀ | ၅၈၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၇၁၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၂၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၀၀၀ | ၁၆၀၀ | ၅၀၀ | ၆၅၀၀ | ၄၂၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၇၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၂၅၀၀ | ၅၇၀၀ | ၁၆၀၀၀ | ၄၂၀၀ | ၄၆၀၀ | ၄၅၀၀ | ၄၂၀၀ | ၁၈၀၀ | ၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၆၇၅၀၀၀ |
| ၂၂ | ကလေး | ၂၅၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၆၀၀၀ | | ၄၀၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၆၀၀၀ | ၂၇၅၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ပဲခူးတွင် ၅၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးတွင် ၈၀၀ကျပ်၊ မြေပဲဆန်တစ်ပိဿာလျှင်တောင်ကြီးတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီ တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀၀ကျပ်၊ ကျိုင်းတုံတွင် ၆၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ်၊ ပုသိမ် နှင့် မန္တလေးတွင် ၁၀၀ကျပ်၊ မကွေးနှင့် ကလေးတွင် ၂၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မြိတ်နှင့် ပုသိမ်တွင် ၂၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် လွိုင်ကော်တွင် ၂၀၀ကျပ်၊ မုံရွာ နှင့် မကွေးတွင် ၄၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ ပုသိမ်တွင် ၂၀၀ကျပ်၊ မုံရွာတွင် ၁၀၀ကျပ်၊ ပြည်တွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ ပုသိမ်တွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀ကျပ်၊ မြေပဲဆန်တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀ကျပ်၊ မုံရွာတွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ ပြည်တွင် ၂၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# တရုတ်နိုင်ငံက ဓာတ်ဆီနှင့် ဒီဇယ်ဆီ လက်လီဈေးနှုန်းများ လျှော့ချမည်




ပေကျင်း ဒီဇင်ဘာ ၁၉

တရုတ်နိုင်ငံသည် မကြာသေးမီက အပြောင်းအလဲဖြစ်ခဲ့သည့် နိုင်ငံတကာလောင်စာဆီဈေးနှုန်းများအပေါ်တွင်မူတည်၍ ဒီဇင်ဘာ ၂၀ ရက်မှစတင်ကာ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများကို လျှော့ချသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ထိပ်တန်းစီးပွားရေးစီမံချက် ရေးဆွဲသူတစ်ဦးက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ဓာတ်ဆီဈေးနှုန်းကို တစ်တန်လျှင် ယွမ် ၄၈၀ နှင့် ဒီဇယ်ဈေးနှုန်းကို တစ်တန်လျှင် ယွမ် ၄၆၀ အသီးသီးလျှော့ချပေးသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ပြောကြားသည်။

အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများရှိ များစွာသောအတိုးနှုန်းတက်မှုကြောင့် ကမ္ဘာ့စီးပွားရေးနှင့် ရေနံစိမ်းဝယ်လိုအားအပေါ် ဈေးကွက်ယုံကြည်မှု ထိခိုက်နိုင်သဖြင့် ရေတိုကာလအတွင်း နိုင်ငံတကာ ရေနံဈေးနှုန်းသည်လည်း ဆက်လက်ကျဆင်းနေဦးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ဈေးနှုန်းစောင့်ကြည့်ရေးစင်တာက ပြောကြားသည်။

ထို့ကြောင့် တရုတ်နိုင်ငံ၏ အကြီးဆုံးရေနံကုမ္ပဏီသုံးခုဖြစ်သည့် တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း၊ တရုတ်ရေနံဓာတုကော်ပိုရေးရှင်းနှင့် တရုတ်အမျိုးသားကမ်းလွန်ရေနံကော်ပိုရေးရှင်းတို့သည် ရေနံထုတ်လုပ်မှုကို ထိန်းသိမ်းရန်နှင့် သယ်ယူပို့ဆောင်ရေးလွယ်ကူစေရန် ညွှန်ကြားမှုများ ပြုလုပ်ထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# ထိုင်းတော်ဝင်ရေတပ်မှ စစ်သင်္ဘော နစ်မြုပ်မှုဖြစ်ပွား

ဗန်ကောက် ဒီဇင်ဘာ ၁၉

ထိုင်းတော်ဝင်ရေတပ်မှ စစ်သင်္ဘော HTMS Sukhothai (FS-442) သည် ထိုင်းပင်လယ်ကွေ့၌ လှိုင်းများပြင်းထန်စွာရိုက်ပုတ်မှုကြောင့် သင်္ဘောအတွင်း ရေများဝင်ရောက်ကာ ဒီဇင်ဘာ ၁၈ရက်က နစ်မြုပ်သွားခဲ့ကြောင်း ထိုင်းတော်ဝင်ရေတပ်မှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါစစ်သင်္ဘောသည် ထိုင်းနိုင်ငံအလယ်ပိုင်း ဗန်ဆာဟန်ခရိုင်ရှိ ဆိပ်ကမ်းမှ ကီလိုမီတာ ၃၀ အကွာအဝေးတွင်တည်ရှိသည့် ပင်လယ်ရေပြင်၌ ကင်းလှည့်နေစဉ် လှိုင်းများပြင်းထန်စွာရိုက်ခတ်မှုကြောင့် သင်္ဘော၏ လျှပ်စစ်ဓာတ်အားပေးစနစ် ချို့ယွင်းသွားခဲ့ကာ ထိန်းချုပ်မောင်းနှင်၍မရတော့ဘဲ တစ်ဖက်တည်းသို့ စောင်းသွားကာနစ်မြုပ်သွားကြောင်း သိရသည်။

လက်ရှိအချိန်အထိ အဆိုပါဖြစ်စဉ်မှ သင်္ဘောသား ၇၅ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ၃၁ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သဖြင့် သင်္ဘောများနှင့်ရဟတ်ယာဉ်များ အသုံးပြုကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

ကိုးကား - စီဂျီတီအင်န်
ဘာသာပြန် - စိုးသူရ

# ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်ပသို့ရော်ဘာတင်ပို့မှု ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာ

ဖနောင်ပင် ဒီဇင်ဘာ ၁၉

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမ ၁၁လအတွင်း ရော်ဘာတန်ချိန် ၃၂၂၅၈၆ တန်ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီး ၎င်းတင်ပို့မှုပမာဏသည် ယမန်နှစ်အလားတူကာလကထက် ၂ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံရော်ဘာလုပ်ငန်းဌာနက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ဇန်နဝါရီမှ နိုဝင်ဘာလအတွင်း ရော်ဘာတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆၆ သန်း ရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ရော်ဘာလုပ်ငန်းဌာန၏ မှတ်တမ်းများအရ သိရသည်။

ယခုနှစ် ပထမ ၁၁ လအတွင်း ရော်ဘာခြောက်တစ်တန်၏ ပျမ်းမျှဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၄၄၄ ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ရော်ဘာလုပ်ငန်းဌာနတာဝန်ရှိသူ Him Oun က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံမှ ရော်ဘာများကို မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံ၌ ရော်ဘာစိုက်ပျိုးမြေဧက ၄၀၄၅၇၈ ဟက်တာ ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၄၁ ဦး ထပ်မံတွေ့ရှိ

မော်စကို ဒီဇင်ဘာ ၁၉

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၄၁ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၇၂၂၄၁၅ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၅၀ ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၃၉၃၀၅၀ ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၅၆၄ ဦး ထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၁၁၁၅၂၃၂ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံး ဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၁၀ ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၈၂၆၉၃ ဦးရှိလာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# အစ္စရေးနိုင်ငံ၌ မော်တော်ယာဉ်များမှထွက်လာသည့် ဆူညံသံများကို စောင့်ကြည့်လျှော့ချပေးမည့်အစီအစဉ်ဆောင်ရွက်မည်

ဂျေရုဆလင် ဒီဇင်ဘာ ၁၉

အစ္စရေးနိုင်ငံ၌ လမ်းများပေါ်တွင် မော်တော်ယာဉ်များမှ ထွက်လာသည့် ဆူညံသံများကို စောင့်ကြည့်လျှော့ချပေးမည့်အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

လမ်းမများတွင် သွားလာလျက်ရှိသည့်မော်တော်ယာဉ်များမှ ထွက်လာသည့် ဆူညံသံများကို မြို့နှင်းကျချိန်နှင့် မှောင်မိုက်သည့်အချိန်များတွင်ပင် စောင့်ကြည့်လျှော့ချသွားမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မော်တော်ယာဉ်ဆူညံသံများကို အကာအကွယ်ယူကာ ကျူးလွန်သည့် ပြစ်မှုများကို တားဆီးနိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံအတွင်းရှိ နည်းပညာဆိုင်ရာလုပ်ငန်းများကိုပါ အဆိုပါလုပ်ငန်းအတွက် အထောက်အကူပြုရေး တွန်းအားပေးမှုတစ်ရပ်ပင်ဖြစ်ကြောင်း တီထွင်ဆန်းသစ်မှုဆိုင်ရာဝန်ကြီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့က ပြောကြားသည်။

၎င်းအစီအစဉ်အတွက် လက်တွေ့ဆောင်ရွက်ရန်တင်သွင်းထားသည့် အကြံပြုစာတမ်းသုံးစောင်ကို ရွေးချယ်ကာ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပြီး အကြံပြုစာတမ်းတစ်စောင်အတွက် အစ္စရေးအစိုးရက ထောက်ပံ့ငွေ ရှာကယ် ငါးသောင်း ပေးအပ်မည်ဖြစ်သည်။ ထို့ပြင် မော်တော်ယာဉ်များ၏ အိပ်ဇောပိုက်များမှထွက်ရှိလာသည့် အငွေ့များသည် နိုင်ငံသားများ၏ ကျန်းမာရေးနှင့် နေ့စဉ်လုပ်ငန်းဆောင်တာများဆောင်ရွက်ရေးတွင် နှောင့်နှေးမှုများဖြစ်စေခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# တရားမဝင် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း ၊ လုပ်ငန်းသုံးပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် MDF Board (Medium Density Fibreboard) ကီလိုဂရမ် ၂၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long, Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် မော်လမြိုင်မြို့ ဂေါက်ကလပ် ကျွဲခြံကုန်းကျေးရွာအနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် တင်သွင်းခွင့်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကတ္တရာပုံး ၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၁၈၆၀၀ နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၁၁၈၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရန်ကုန် – မန္တလေး အမြန်လမ်း တံတားဦးအဝိုင်းထိပ် BOC ဆီဆိုင်အနီး၌ သိမ်းဆည်းရမိသည့် စားသောက်ကုန်ပစ္စည်းများကို တွေ့ရစဉ်။

အလားတူ ဒီဇင်ဘာ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်–မန္တလေး အမြန်လမ်း တံတားဦးအဝိုင်းထိပ် BOC ဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင် တင်သွင်းခွင့်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၆၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မေမြို့–မန္တလေးသွားအရှေ့မြို့ပတ်လမ်းနှင့် ၄၃ လမ်းကြား Power-5 ယာဉ်ရပ်နားဝင်းအတွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင်တင်သွင်းခွင့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၃၃၆၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀၀)ကိုလည်းကောင်း၊ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၄၀၃၁၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒိုက်ဦးမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀)ကို ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုး ၉၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၉၂၁၇၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးကို တရုတ်အမျိုးသားထံ ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ်စီချမှတ်ခဲ့ကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်နေ မသွယ်သွယ်(ခ) မသွယ် (ခ) မခိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နေ မသီတာအေး(ခ) မဒဿတို့က ပြည်ကြီးတံခွန်မြို့နယ်နေ မ ---၊ ၂၀ နှစ်ကို တရုတ်နိုင်ငံတွင် ဝင်ငွေကောင်းသည့်အလုပ်ရမည်ဟု လိမ်လည်စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ခေါ်ဆောင်ပြီး တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ရန် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်း(ပ) ၁၆/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုဖွင့်၍ မဟာအောင်မြေခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် တရားခံ မသွယ်သွယ်(ခ) မသွယ် (ခ) မခိုင်ဦးနှင့် မသီတာအေး(ခ) မဒဿတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၃ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရှေလှနှင့် စိုင်းထွန်းတစ်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကော့ကရိတ်နှင့်မိုင်းဆတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ကော့ကရိတ်မြို့နယ် တံတားကျိုးကျေးရွာ တံတားကျိုးပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျော်စိုးလင်း(ခ)မာလ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၃နာရီတွင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ လွယ်ဆောင်ကျေးရွာအုပ်စု မြိုင်သာယာကျေးရွာအနီး မိုင်းခုတ်–မိုင်းဆတ်သွားကားလမ်းတွင် စိုင်းထွန်းတစ် မောင်းနှင်ပြီး ရှေလှလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၃၀ ကိုသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ “တော်လှန်ရေးအရေးခြုံ၍ လုယက်ခေးပြတိုက် သတ်ဖြတ်နေသော PDF များကို ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ဖမ်းဆီးရမိ” ခေါင်းစဉ်ဖြင့် ၂၁- ၁၂- ၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “ရန်ကုန်- ဒလ မြစ်ကူးသင်္ဘောဖြစ်သည့် ချယ်ရီသင်္ဘောပေါ်၌ PDF အဖွဲ့၏မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့မှု” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွာငံမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

**ရွာငံ ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာ သုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသီဟန်လင်းနှင့် တာဝန်ရှိသူများသည် ပြေသာကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၈၂ သန်းဖြင့် အရှည် ခြောက်ဖာလုံရှိ ကျေးလက်ကုန်ထုတ်လမ်း အပိုင်း(၁)၊ အပိုင်း(၂)ဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် သိမ်ကုန်းကျေးရွာတွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၂ ဒသမ ၂၃၉ သန်းဖြင့် အရှည် ၆ ဒသမ ၅ဖာလုံရှိ ကျေးလက်ကုန်ထုတ်လမ်းအပိုင်း(၁)၊ အပိုင်း(၂)ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒေသဦးစီးမှူးနှင့် တာဝန်ရှိသူသည် မျှားကလေးကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၅ သန်းဖြင့် အရှည်ခြောက်ဖာလုံရှိ ကျေးလက်ကုန်ထုတ်လမ်းအပိုင်း(၁)၊အပိုင်း(၂) ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးဒေသဦးစီးမှူးက ကျေးရွာသုံးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

၂၂၂

# ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂) ရေယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

NUG နှင့် CRPH တို့၏ ညွှန်ကြားမှုဖြင့် PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရဟန်း၊ သံဃာတော်များ၊ အစိုးရဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အစိုးရယန္တရားများ ပျက်ပြားစေရန် နိုင်ငံတော်ပိုင်အဆောက်အဦများ၊ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော လမ်း၊ တံတားများ၊ ခရီးသွားမော်တော်ယာဉ်/ ရေယာဉ်များအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများလုပ်ဆောင်လျက်ရှိသည်။

**ဖောက်ခွဲဖျက်ဆီး**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မိသားစုရပ်ကွက် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ခရီးသည်များတင်ဆောင်မောင်းနှင်လာသည့် ပြည်တွင်းရေကြောင်းပိုင် ချယ်ရီ(၂) ရေယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ မိုင်းဖောက်ခွဲမှုကြောင့် ရေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး ချယ်ရီ(၂)ရေယာဉ် မိုင်းပေါက်ကွဲမှုကို တွေ့ရစဉ်။



ချယ်ရီ(၂)ရေယာဉ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ တစ်ဦးကို တွေ့ရစဉ်။

ယင်းသို့ ဖောက်ခွဲဖျက်ဆီးခဲ့သော PDF အမည်ခံအကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**







ချယ်ရီ(၂)ရေယာဉ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကန်ကြီးရပ်ကွက်နေ ချမ်းလင်းဘို(ခ)ဆံပင်ရှည်သည် ၎င်းအသုံးပြုသည့် “Chann Lin Bo” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ်နေ ပြည့်ဖြိုးထွန်းသည် ၎င်းအသုံးပြုသည့် “Pyai Phyo Htun” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မဲစာရင်းမှန်ကန်စေရေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် Cross-check စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်

**ကြို့ပင်ကောက် ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် မဲစာရင်းမှန်ကန်စေရေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် Cross-check စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။



ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇင်မင်းဌေးက တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား လိုအပ်သည်များ မှာကြားခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ကော်မရှင်အဖွဲ့နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မဲစာရင်းမှန်ကန်စေရေးအတွက် မဲဆန္ဒရှင်စာရင်းများကို ဒီဇင်ဘာ ၁၅ ရက်မှ ၂၆ ရက်အတွင်း စစ်ဆေးခြင်းလုပ်ငန်းများ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လှယဉ်ကျေးမယ်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

**မှော်ဘီ ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လှယဉ်ကျေးမယ်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ယနေ့ ညနေပိုင်းက မှော်ဘီမြို့နယ်ရှိ မြန်မာ့ဆန်စပါး သုတေသနရုံး အစည်းအဝေး ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများကို အကဲဖြတ်ဒိုင်လူကြီး ဒေါ်ခိုင်ဇာဝေက ရှင်းလင်းပြောကြား၍ လှယဉ်ကျေးမယ် နှင့် ကာယအလှမယ် ပြိုင်ပွဲဝင် ၁၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီးနောက် အကဲဖြတ်ဒိုင်အဖွဲ့မှ အကဲဖြတ်ပေး၍ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။



အဆိုပါ ပြိုင်ပွဲအခမ်းအနားသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၅၀ စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၁၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၆၅,၈၈၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၅၆၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၈,၁၄၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦးရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့်(၃၄)ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၂၅ | ၁၉၂၀ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၀ | ၂၀၀၅ | ၂၀၂၀ | ၁၉၂၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၆၀ | ၁၉၆၅ | ၂၁၈၅ | ၂၇၆၀ |
| 95 Ron | ၁၉၅၀ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၇၅ | ၂၀၉၀ | ၁၉၉၀ | ၂၀၀၅ | ၂၀၃၀ | ၂၀၃၅ | ၂၀၃၅ | ၂၂၅၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၂၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၇၅ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၀ | ၃၄၈၀ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၀ | ၃၅၀၅ |
| HSD (10 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၀ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၈၆ | ၁၈၅၅ |
| 95 Ron | ၁၈၅၄ | ၁၉၂၅ |
| HSD (500 ppm) | ၂၂၂၁ | ၂၂၉၅ |
| HSD (50 ppm) | ၂၂၉၅ | ၂၃၇၀ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲအစီအစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးပြည်နယ်ရှိ ခါတ်ပုံမြို့တော်ဖြစ်သော ဟီရရှီခါဝါမြို့နှင့် ဗိသုကာပညာရှင် Mr.Kuma Kengo တို့မှ ဦးစီး၍ “Furniture Fits in the Open Air” ခေါင်းစဉ်ဖြင့် “တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲ” ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါပြိုင်ပွဲတွင် ပရိဘောဂပြိုင်ပွဲသို့ မည်သည့်နိုင်ငံသားမဆို သက်ဆိုင်ရာ ကျောင်း ( သို့မဟုတ်) တက္ကသိုလ်တက်ရောက်နေသည့် အသက် (၃၀)နှစ်အောက် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပေးအပ်မည့်ဆုများအနေဖြင့် Kuma Kengo ဆု တစ်ဆု၊ ထူးချွန်ဆု သုံးဆုနှင့် နှစ်သိမ့်ဆု ခြောက်ဆုတို့ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အခမဲ့ စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး လျှောက်လွှာတင်သွင်းရာ၌ ဒီဇိုင်းခေါင်းစဉ်၊ ဒီဇိုင်း၏ ဦးစားပေး အကြောင်းအရာ၊ ရှင်းလင်းဖော်ပြချက်၊ ပုံကြမ်း၊ ပုံချော၊ CG ပုံစံ(သို့မဟုတ်)ခါတ်ပုံ အစရှိသည်များကို A3 ဆိုဒ်၊ စာရွက်တစ်မျက်နှာတွင် အလျားလိုက် ရေးဆွဲကာ pdf ဖိုင်ဖြင့် ပေးပို့ရမည်ဖြစ်သည်။ ဒီဇိုင်း၏ ရှင်းလင်းဖော်ပြချက်အား အင်္ဂလိပ်ဘာသာ (သို့မဟုတ်)ဂျပန်ဘာသာဖြင့်ပေးပို့ရမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်များအနက် ဆန်ခါတင်အဆင့်ပြိုင်ပွဲတွင် ၁၀ ဦးအား ရွေးချယ်၍ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ၎င်းတို့အတွက် လေယာဉ်စရိတ်၊ အသွား/အပြန်နှင့် တည်းခိုစရိတ်များကို ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ ကျခံပေးသွားမည်ဖြစ်သည်။ ဆုပေးပွဲအခမ်းအနားသို့ အဖွဲ့လိုက်ပြိုင်ပွဲဝင်များအတွက် ကိုယ်စားပြုပြိုင်ပွဲဝင် တစ်ဦးကိုသာ ဖိတ်ကြားသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် Website https://www.kagu.higashikawa.jp တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွားရမည်ဖြစ်ပြီး ပရိဘောဂဒီဇိုင်းလျှောက်လွှာများအား ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်သည်။

အသေးစိတ် သိလိုသည့်အချက်အလက်များကို KAGU Design Competition Executive Committee Office, Mail: official@kagu- higashikawa.jp သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းပြင်ပမူလတန်းပညာရေး သင်ရိုးလေ့လာသုံးသပ်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန၏ ကျောင်းပြင်ပမူလတန်း ပညာရေးသင်ရိုးလေ့လာသုံးသပ် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၅၂) ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ပညာရေးအစီအစဉ်တစ်ခု ထိရောက်အောင်မြင်မှုတွင် သင်ရိုးညွှန်းတမ်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းများကို အခြေခံပညာမူလတန်းပညာရေးသင်ရိုးသစ် (KG+ Grade-5) သင်ရိုးများနှင့် ကိုက်ညီမှုရှိစေရန် လိုအပ်ကြောင်း၊ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်မှစတင်၍ စနစ်သစ်မူလတန်းအဆင့် တန်းညှိအစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် စနစ်သစ် အခြေခံမူလတန်းပညာရေး သင်ရိုးများနှင့်အညီ ကျောင်းပြင်ပမူလတန်း ပညာရေး သင်ရိုးညွှန်းတမ်းများကိုလည်း ပြုပြင်ပြောင်းလဲရန် လိုအပ်လာကြောင်း၊ ထိုလိုအပ်ချက်များကြောင့် သင်ရိုးကျွမ်းကျင်ပညာရှင်များနှင့် နည်းပညာကျွမ်းကျင် ပညာရှင်များကို ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ကျင်းပဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် ကျောင်းပြင်ပမူလတန်းပညာရေး သင်ရိုးညွှန်းတမ်းကို အခြေခံမူလတန်း ပညာရေးသင်ရိုးသစ်များနှင့်ကိုက်ညီမှုရှိစေရေး၊ စနစ်သစ်မူလတန်းအဆင့် တန်းညှိအစီအစဉ်များ ဆောင်ရွက်နိုင်မည့် သင်ရိုးကောင်း ပေါ်ထွက်လာရေးတို့အတွက် တက်တက်ကြွကြွ ထဲထဲဝင်ဝင် ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

**တက်ရောက်**

ယနေ့ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အခြေခံပညာဦးစီးဌာနမှ ဆရာကြီး ဆရာမကြီးများ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနမှ ဆရာကြီး ဆရာမကြီးများ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနမှ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သမိုင်းဝင်အောင်တော်မူစေတီတော်မြတ်ကြီး၏ (၁၀၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယအောင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ သမိုင်းဝင်အောင်တော်မူ စေတီတော်မြတ်ကြီး၏ (၁၀၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယအောင်ပွဲ အခမ်းအနားကိုဒီဇင်ဘာ ၁၈ ရက်မွန်းလွဲ ၁ နာရီက ယင်းစေတီတော် ပရိဝုဏ်အတွင်း ကျင်းပသည်။

ဗုဒ္ဓပူဇနိယပွဲတော်၌ ဒီဇင်ဘာ ၁၅ ရက်နံနက်၁၀နာရီမှ ၁၈ ရက်နံနက် ၆ နာရီအထိ မဟာပဋ္ဌာန်းကျမ်းတော်မြတ်ဖြင့် ပူဇော်ခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်မွန်းလွဲ ၁ နာရီခွဲတွင် အောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ညှော်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ခဲ့ကြပြီး သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များကိုရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက်ဂေါပကအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများကလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြပြီးနိုင်ငံတော်သံဃမဟာနာယ အဖွဲ့ဝင် ဆရာတော်ဘဒ္ဒန္တကောဝိဒထံမှ ရေစက်ချတရားနာယူခဲ့ကြကာ သံဃာတော်(၁၀၈)ပါးတို့အားဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။

**တင်ဝင်းတင်**

# မူဆယ်ခရိုင် လူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်

**မူဆယ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် (Working Group) လူဦးရေစာရင်း မြေပြင် ကွင်းဆင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်/မြို့နယ် စုပေါင်းရုံးခန်းမ၌ ပြုလုပ်သည်။

**ပြောကြား**

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် ခရိုင်မြေပြင် ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ခရိုင်မြေပြင် ကွင်းဆင်း ကောက်ယူရေးကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်းက အထွေထွေ ရွေးကောက်ပွဲအတွက် သန်းခေါင်စာရင်းရလဒ် မှန်ကန်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဆင့်ငါးဆင့်အနက် လုပ်ငန်းစဉ် အဆင့်သုံးဆင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းရည်ရွယ်ချက် အကြောင်းအရာများ ရှင်းလင်းခြင်း၊



အကြမ်းဖျင်းစီမံချက်တွင် ပါရှိသော စာရင်းကောက်ယူခြင်း၊ စာရင်းပြုစု ကြိုတင်ပြင်ဆင်ခြင်း၊ မြေပြင်ကွင်းဆင်း တင်ပြခြင်း၊ စာရင်း ထုတ်ပြန်ခြင်း၊ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရာတွင် တွေ့ကြုံရမည့်အခြေအနေများ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအနေဖြင့် ကြိုတင်စီမံဆောင်ရွက်ထားမှုများ၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရေးနှင့် ကြိုတင်စီမံထားသင့်သည့် ခရိုင်/မြို့နယ် သင်တန်းများ ဖွင့်လှစ်မည့် အကြောင်းအရာများကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများကလည်း သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**အယ်လ်စိုး(မူဆယ်)**

## သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

# အသေးအဖွဲကလေးများ

**ပီမိုးနင်း**

မီးပွားကလေးသည် မြို့ကို ပြာကျစေနိုင်၏။ ဆန်ကောတစ်ချပ်လွင့်ရုံနှင့် တိုင်းပြည်ပျက်ဖူး၏။ မနု၏ထဘီသည် သီပေါနန်းကျသည့်တိုင်အောင် ခရီးရောက်၏။ နှစ်သည် စက္ကန့်ကစ၏။ ရေစက်ကလေးများမှ ပင်လယ်ဖြစ်ရ၏။ ကြီးသောရာဇဝတ်မှုများ၌ စုံထောက်များသည် မှန်ဘီလူးနှင့်ကြည့်မှ မြင်ရသော အမှတ်ကလေးတစ်ခုခုမှစ၍ ပြစ်မှုကျူးလွန်သူကို တစ်ကျွန်းစက်တိုင်သို့ ရောက်စေကြလေ၏။ သို့ဖြစ်၍ သေးငယ်သော အရာများကို မလေးမစားမပြုအပ်။ အသေးအဖွဲကလေးများ၌ ပေါ့လျော့ခြင်းသည် ကြီးကျယ်သော အရေးတို့ကို ဖြစ်ပေါ်စေတတ်၏။

ဆန်ဖရန်စစ္စကိုမြို့၌ စာရင်းကိုင်စာရေး တစ်ယောက် လက်ဖက်ရည်သောက်ရာ အနီး၌ စာရင်းစာအုပ်ပွင့်၍နေသဖြင့် စာရင်းစာအုပ်ပေါ်သို့ သကြားကလေးတစ်ပွင့်ကျ၏။ စာအုပ်ကို ပိတ်လိုက်သောအခါ သကြားကို လာ၍စားသော ယင်ကောင်ကို မိလေ၏။ ထိုနေ့မှစ၍ တစ်လပတ်လုံးစာရင်းကို လုပ်ချိန်မရ၍ တစ်တိုက်လုံး သူ့ငွေးရော၊ မန်နေဂျာရော၊ ဆိုင်ရာ စာရင်းအရာရှိတွေရော ဒေါင်ချာရိုက်၍ နေကြ၏။ စာရင်းကိုင်စာရေးမှာ စာရင်းချိန်၍ မရ၊ အထပ်ထပ်ရှင်းရသဖြင့် ဦးနှောက်ပျက်ကာ အရူးထောင်သို့ သွားရလုကမန်း ဖြစ်၍နေ၏။ အကြောင်းမူကား စာရင်း၌ပါသော ငွေကိုးထောင် ပျောက်၍ နေလေ၏။ နောက်ဆုံးကျမှ ငွေတစ်သောင်းတွင် သုညတစ်လုံးမှာ အမြီးပေါက်ပြီး ကိုးဂဏန်းဖြစ်၍ နေသည်ကို တွေ့ကြရလေသည်။ အမြီးမှာ လက်ကိုင်ပဝါနှင့် ပုတ်ခတ်ပွတ်မိသဖြင့် ပြုတ်၍သွားခါမှ ညှပ်မိ၍ အနိစ္စရောက်ရှာသော ယင်ကောင်၏ ခြေတစ်ချောင်းဖြစ်ကြောင်း သိရလေသည်။

ဤကား အသေးအဖွဲများ၌ မပေါ့အပ်ကြောင်း သက်သေပေတည်း။

မီးပွားကလေးသည် မြို့ကို ပြာကျစေနိုင်၏။ ဆန်ကောတစ်ချပ်လွင့်ရုံနှင့် တိုင်းပြည်ပျက်ဖူး၏။ မနု၏ထဘီသည် သီပေါနန်းကျသည့်တိုင်အောင် ခရီးရောက်၏။

တစ်ရှီလင်တန်သော သံပုံးတစ်ပုံးကို ဘိုလိုဂနာနယ်ရှိ ရေတွင်းတစ်ခုမှ စစ်သားများယူမိသဖြင့် အနှစ်နှစ်ဆယ် စစ်ကြီးဖြစ်ခဲ့ဖူးလေသည်။

ဂျေရုဆလင်မြို့ ဘုရားရှိခိုးကျောင်း သော့တစ်ချောင်းအတွက် လူမျိုးလေးဦးပါဝင်သော ကရိုင်းမီးယားစစ်ပွဲကြီးဖြစ်ခဲ့လေသည်။ ထိုသော့မှာ ဂရိတ်သာသနာဝင်တို့၏ လက်၌ရှိရာ လက်တင်သာသနာက တောင်း၍မရသဖြင့် အချင်းများပြီး ဂရိတ်သာသနာဘက်မှ ရုရှားကဝင်၏။ လက်တင်ဘက်က ပြင်သစ်ဝင်၏။ ထို့နောက် တူရကီ၊ ၎င်းနောက် အင်္ဂလန်ဝင်ရောက်ကြလေသည်။

ပြင်သစ်ရှင်ဘုရင် လွှစ်ဖီးလစ်၏သား အော်လီယန်မင်းသားသည် ဝိုင်အရက် တစ်ဖန်ခွက်ကလေးမျှ ပို၍သောက်ပြီး မြင်းရထားနှင့်အသွားမှာ မြင်းလန့်ရာ ရထားပေါ်ကခုန်ဆင်းပြီး မူးသောကြောင့် ကိုယ်ကို မဟန်နိုင်သဖြင့် ပစ်လဲရာ ဦးခေါင်း၌ဒဏ်ရာရ၍သေသဖြင့် ပြင်သစ်ပြည်နန်းဆက် ရပ်စဲခြင်း သို့ ရောက်ခဲ့လေသည်။ ဝိုင်တစ်ခွက်မပိုလျှင် မင်းသား ပစ်လဲဖို့ မရှိချေ။ ၎င်းသေသောအခါ၌ ၎င်း၏ အိမ်သားများမှာ တစ်ကျွန်းသို့ အပို့ခံရ၍ ပစ္စည်းများလည်း သိမ်းယူခြင်းခံရလေသည်။

ကြီးသောရောဂါများစွာတို့မှာ သေးငယ်သော အဆိပ်ပိုးကလေးတစ်ကောင်ကြောင့် ဖြစ်နိုင်လေသည်။

နှစ်သည် စက္ကန့်က စ၏။ ရေစက်ကလေးများမှ ပင်လယ်ဖြစ်ရ၏။ ကြီးသော ရာဇဝတ်မှုများ၌ စုံထောက်များသည် မှန်ဘီလူးနှင့်ကြည့်မှ မြင်ရသော အမှတ်အရာကလေး တစ်ခုခုမှစ၍ ပြစ်မှုကျူးလွန်သူကိုတစ်ကျွန်း၊ စက်တိုင်သို့ရောက်စေကြလေသည်။

သို့ဖြစ်၍ သေးငယ်သောအရာကလေးများကို မလေးမစားမပြုအပ်။ သေးငယ်သော ကောင်းမှုကလေးကိုပင် ပြုအပ်လေသည်။ အနည်းငယ်မျှ ကျေးဇူးပြုဖူးသဖြင့် နောင်အခါ၌ မြောက်မြားစွာ ကျေးဇူးအဆပ်ခံရသူတွေ ရှိကြလေသည်။ အသေးအဖွဲတစ်ခုကို ဂရုမစိုက်သဖြင့် အကြီးအကျယ်ပျက်စီးကြ၏။ အသေးအဖွဲကလေးများကို မြင်တတ်သော မျက်စိ၊ မြင်တတ်သော သတိသည်ကြီးသော အကျိုးကို ပေးနိုင်လေသည်။

ကြင်နာသော စကားကလေးတစ်လုံးသည် လွန်စွာသေးငယ်၏။ သို့သော်လည်း ကြီးကျယ်သော အောင်မြင်ခြင်းကို ဖြစ်စေနိုင်လေသည်။ လူတို့၏ ပျက်စီးခြင်းသည်လည်း အထက်၌ဖော်ပြခဲ့သည်နှင့် အညီ သေးငယ်သောမကောင်းမှု၊ သေးငယ်သော ပေါ့လျော့မှု၊ သေးငယ်သောမာန၊ သေးငယ်သော မုသား၊ သေးငယ်သောမရိုးခြင်း၊ အသေးအဖွဲ မဖြစ်လောက်သော အရာကလေးများကို တိတ်တဆိတ် လိုချင်ခြင်းစသည်များမှာ ကြီးကျယ်၍ ပြုပြင်မရနိုင်အောင် စွဲခိုင်သော မကောင်းသောအကျင့်ဆိုး၊ အလေ့ဆိုးကြီးများအဖြစ်သို့ ရောက်ကြရလေသည်။

မကောင်းမှုအကြီးအကျယ်ကို လူသည် စ၍ မလုပ်ရဲ၊ မလုပ်ဝံ့၊ လုပ်လေ့မရှိကြ။ မောင်ကြံတစ်တို့ စမ်းရာမှ တစ်စတစ်စ တိုးတက်လာကြရလေသည်။

မိန်းကလေးများမှာလည်း အိမ်နီးပါးချင်း မိန်းမတစ်ယောက်ယောက်၊ ယောကျ်ားတစ်ယောက်ယောက်၏ ပြက်ရယ်စကားမှ ပျက်စီးခြင်းသို့ အပျက်အပျက်မှ နှာခေါင်းသွေး ထွက်ကြလေသည်။ သို့ဖြစ်၍ အားလပ်သည့်အခါ သမီးပျိုကလေးများအား အိမ်နီးချင်း မိန်းမကြီးများနှင့် အလုည့်ကျ သန်းတုပ်ခြင်းအလေ့ကို ရှောင်ကြဉ်စေရမည်။

**(ဆရာကြီးပီမိုးနင်း၏ "ဘဝတိုက်ပွဲ"စာအုပ်မှ ကောက်နုတ်ဖော်ပြချက်)**

**စာမော်ကွန်း၊ ဇွန်၊ ၁၉၈၅**

# သင့်စူးစမ်းစိတ်ကို ပျိုးထောင်ပါ

**အောင်မြတ်စည်သူ**

သင်၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ မည်သည့်လုပ်ငန်း ဖြစ်နေသည်ပင်ဖြစ်စေ အမြဲတစေ စူးစမ်းစိတ်ရှိပါ။ တစ်ယောက်ယောက်နှင့် တွေ့ဆုံလျှင် သင့်ကိုယ်သင် စကားများသော်လည်း ဖော်ရွေသော အလွတ်စုံထောက်တစ်ယောက်အဖြစ် မြင်ပါ။ မေးခွန်းများ မေးမြန်းပါ။ ထို့နောက် ထပ်ဆင့်မေးခွန်းများ မေးပါ။ ထို့နောက် အဖြေများက ပို၍ စူးစမ်းစိတ် ပေါ်လာပါစေ။ အဖြေများကို နောက်ထပ်မေးခွန်းများ မေးခွင့်သာစေသော စကားထောက်များအဖြစ် မြင်ပါ။ ဤသည် အဆင့်ကို ပို၍မြင့်သော သိစိတ်နှင့် စိတ်ဝင်စားမှုအဆင့်သို့ မြှင့်တင်ပေးပေမည်။

သင် တစ်စုံတစ်ယောက်နှင့်တွေ့ ဆုံရန် ပြင်ဆင်သည့်အခါ မေးခွန်းများပါ ပြင်ဆင်ထားပါ။ သင့်စူးစမ်းစိတ်ကို ပျိုးထောင်ပါ။ မေးစရာမေးခွန်းများမရှိသည့်အဖြစ်ကို ဘယ်သောအခါမျှ မရောက်ရှိပါစေနှင့်။

ကျွန်တော်တို့အများစုက ပြောင်းပြန်ပြုတတ်ကြသည်။ ကျွန်တော်တို့ အဖြေများကို ကျွန်တော်တို့ ပြင်ဆင်ထားကြသည်။ ကျွန်တော်တို့ ဘာပြောမည်ကို ကြိုတင်ပြင်ဆင်ထားသည်။ ကျွန်တော်တို့ တင်ပြချက်များကို အချောကိုင်သည်။ အားဖြည့်သည်။ ကျွန်တော်တို့ အိမ်ခံက ကျွန်တော်တို့ပြောစကားကို နားထောင်သည်ထက် သူ့ စကားပြောရန် ရည်သန်ကြောင်း ကျွန်တော်တို့ သဘောပေါက်ခြင်းကင်းစွာ ကျွန်တော်တို့၏ တင်ပြချက်များကို အချောကိုင်သည်။

သင် စီးပွားရေးလုပ်ငန်း လုပ်နေပါလျှင်.. စားသုံးသူ ဖြစ်နိုင်ခြေရှိသူများက ရေရှည်ဝန်ဆောင်မှုအတွက် ဆက်သွယ်မှုပြုလာသောအခါ သူတို့သည် သူတို့ကို အမှန်တကယ်စိတ်ဝင်စားသော ကုမ္ပဏီ၊ သူတို့ လိုအပ်ချက်၊ လိုလားချက်ကို နားလည်သူတို့ဖြစ်ရန်သာ သူတို့လိုချင်သည်။ ထို့ကြောင့် ထိုစီးပွားဖက်ဖြစ်ရန် အလားအလာရှိသူအား သင် အမှန်တကယ် စိတ်ဝင်စားကြောင်း ပြသရန်၊ သင်သည် ဆင်ခြင်စဉ်းစား ဉာဏ်ပြည့်ဝသော မေးခွန်းများ မေးမြန်းသူ ဖြစ်ရန်လိုအပ်သည်။ သင် နားလည်ကြောင်း ကုမ္ပဏီတစ်ခုကို ယုံကြည်စေလိုလျှင် ယင်း၏အဖြေများကိုထောက်လျက် သင်သည် အကောင်းဆုံးသော ထပ်ဆင့်မေးခွန်းများကို မေးမြန်းပေမည်။ လုပ်ငန်းလုပ်ကိုင်ရန် စာချုပ်ချုပ်ဆိုထားသည့် ကာလတွင် သင်သည် သူတို့အတွက် အတိုင်ပင်ခံကောင်းတစ်ယောက် ဖြစ်မည်ဟု လက်ခံယုံကြည်ပြီးဖြစ်အောင် သင်သည် သင်၏ မေးခွန်းများ စူးစူးစမ်းစမ်း မေးမြန်းနိုင်မှုနှင့် မေးခွန်းပမာဏအရ သင့်ပြိုင်ဘက်များထက် အတတ်ပိုရပေမည်။ သင့် စူးစမ်းမှုက သင့်ကို အလုပ်ရစေလိမ့်မည်။ သို့သော် သင်သည် လျှပ်တစ်ပြက် ချက်ချင်းလက်ငင်း မေးမြန်းစူးစမ်းခြင်းကို အားမထားနိုင်ချေ။ အသင့်ပြင်ဆင်ထားခြင်းက လျှို့ဝှက်ချက်ပင် ဖြစ်သည်။ သင်၏ ဝန်ဆောင်နိုင်မှု အတိုင်းအတာကို တင်ပြခြင်းထက် သင့်မေးခွန်းများကို ပြင်ဆင်ခြင်းက ပို၍အရေးကြီးသည်။

အင်ဒီယားနားပြည်နယ် ဘတ်စကက်ဘော နည်းပြဟောင်းဖြစ်သူ တော်တီနိုက်စ်သည် အမြဲတစေပင် "အနိုင်ရလိုစိတ်က အနိုင်ရဖို့ အသင့်ပြင်ထားလိုစိတ်လောက် အရေးမပါဘူး"ဟု ဆိုခဲ့သည်။ ဤသည် စီးပွားရေးလုပ်ငန်းတွင်သာ အသုံးဝင်သည် မဟုတ်ချေ။ သင်၏ အိမ်ထောင်ဖက် သို့မဟုတ် ဆယ်ကျော်သက် သားသမီးနှင့် အရေးတကြီး စကားပြောဆိုစရာ ရှိပါလျှင် သင့်တင်ပြချက်ထက် သင့်စူးစမ်းစိတ်ကို ပြင်ဆင်ထားခြင်းက လွန်စွာ အသုံးဝင်သည်။

သင်၏ စူးစမ်းစိတ်ကို ပြင်ဆင်ထားပါလျှင် သင်သည် ယခုအခါတွင် ကေဘယ်လ်တီဗွီမှ ပြန်ကျော့ပြသနေသော တီဗွီရုပ်ရှင်ဇာတ်ကားဟောင်းမှ ဒုရဲမှူးကိုလံဘိုကဲ့သို့ပင် သင်မသွားမီ နောက်ထပ်မေးခွန်းတစ်ခု မေးစရာ ရှိနေတတ်မြဲ ဖြစ်ပုံရသည်။ ပီတာဖော့က်လ်သည် သရုပ်ဆောင်သော ဇာတ်ကောင်ကိုလံဘိုအနေဖြင့် ရာဇဝတ်ကောင်များကို အမှတ်တမဲ့ပုံစံ မေးခွန်းများဖြင့် အငိုက်ဖမ်းလေ့ရှိခဲ့သည်။ အတွေးကယောက်ကယက်နှင့် ရိုးရိုးသားသား ချစ်ခင်စဖွယ် ကလေးငယ်ကဲ့သို့ သူသည် အသေးမွှားဆုံး အပယိက ကိစ္စလေးအကြောင်း မေးမြန်းသမှုပြုမည်။ သူ ထွက်ခွာတော့မည်ပြုတိုင်းပင် မေးရန်မေ့သွားသည့်ကိစ္စကို ရုတ်တရက် သတိပြန်ရလိုက်သကဲ့သို့ တန်းပြီး မေးလေ့ရှိစမြဲပင်။ "ဒါနဲ့ဗျာ" အားနာပါးနာဟန်ဖြင့် သူ စကားစမည်။ "ကျွန်တော် နောက်ထပ် မေးခွန်းလေး တစ်ခုမေးတာ ခင်ဗျားအတွက် အဆင်မပြေ မဖြစ်ကောင်းပါဘူးနော်" ဟု ဆိုမည်။

ကြီးကျယ်သော ဆက်ဆံရေးတည်ဆောက်သူများသည် အရောင်းအများဆုံးရသည့် စိတ်ဝင်စားမှုအရှိဆုံးသူ့ထံသို့ ရောက်စမြဲဖြစ်ကြောင်း သိတတ်ပါသောကြောင့် သင့်မေးခွန်းများ၏ အရည်အသွေးနှင့် အရေအတွက်က သင့်စိတ်ဝင်စားမှုအတိုင်းအတာကို ဖော်ကျူးပြသမည်။ သင်သည် စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေခြင်းမရှိ သို့မဟုတ် အသက်မွေးဝမ်းကျောင်းအတွက် ရောင်းဝယ်ဖောက်ကားနေခြင်းမဟုတ်သောကြောင့် ဤအချက်က သင်နှင့်မသက်ဆိုင်ဟု သင်ယူဆကောင်း ယူဆပေမည်။

Follow The Yellow Brick Road စာအုပ်တွင် စာရေးဆရာ ရစ်ချတ်ဆောလ်ပေါမန်းသည် သိပ္ပံပညာရှင်များအနေဖြင့် အဏုမြူ မော်လီကျူးဖွဲ့စည်းပုံကို စူးစမ်းစေခဲ့သည့် နည်းလမ်းကို ၁၉၃၀ ပြည့်နှစ်များတွင် တီထွင်ဖြစ်ခဲ့၍ နိုဘယ်ဆုရရှိခဲ့သော ရူပဗေဒပညာရှင် အိုင်ဆီဒေါ်အိုက်ဇက်ရာဘီအကြောင်း ရေးသားခဲ့သည်။ ရာဘီသည် ရူပဗေဒပညာတွင် သူ အောင်မြင်ခဲ့သည့် အကြောင်းတရားသည် နေ့စဉ် သူကျောင်းကအပြန်တွင် သူ့မိခင်က သူ့ကို ကြိုဆိုခဲ့ပုံ၌ အရင်းခံသည်ဟု ဆိုခဲ့သည်။ သူ့မိခင်က "ဒီနေ့ မေးခွန်းကောင်းကောင်း မေးဖြစ်ခဲ့ရဲ့လား" ဟု မေးလေ့ရှိခဲ့သည်။

သင်၏ဆက်ဆံရေးများတွင် မေးခွန်းများမေးမြန်းခြင်းဖြင့် သင်သည် ဆက်ဆံရေးကို ဖန်တီးနေခြင်းအား ပြီးမြောက်စေပြီး သင်သည် ကိုယ့်ကိုယ်ကိုယ် ဆော်ဩကြောင်းဖြစ်တတ်ရာရောက်ရှိလာသည့် ဖြစ်ထွန်းမှုတစ်ရပ်အတွက် တခြားသူတို့ကို သင် စောင့်ဆိုင်းနေရန် မလိုချေ။ ။

**Ref: Cultivate your curiosity by steve Chander**

# ဘဝတန်ဖိုးမြင့်မားသူဖြစ်ချင်သလား

**မောင်ထူးချွန်**

ဘဝတန်ဖိုးမြင့်ချင်ရင် အသိဉာဏ်ပညာ၊ အတတ်ပညာနဲ့ မြှင့်တင်ပေးရမယ်။

တခြားနည်းလမ်းလည်း မရှိပါဘူး။ လူတစ်ယောက်ရဲ့ ဦးနှောက်ဟာ ကြီးပွားထွန်းတောက်ဖို့ လုံလောက်တဲ့ စွမ်းအင်တွေ ရှိနေပြီးသားပါ။ သေသေချာချာ ဖော်ထုတ်အသုံးချဖို့သာလိုတာ။ အဲ- မသုံးရင်တော့ စွမ်းအားတွေ မထွက်ဘူးကွယ့်။

မောင်တို့မယ်တို့ သိထားရမှာက သော့ခတ်ထားရင် တစ်သက်လုံးသံချေးတက်မယ်ဆိုတာပဲ။ မိမိမှာ ဦးနှောက်စွမ်းရည် ကြီးကြီးမားမား ရှိထားတယ်ဆိုတာ လက်ခံနားလည်ထားရမယ်။ မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ လောကမှာမရှိဘူး။ ပုစ္ဆာအားလုံးအတွက် အဖြေတွေရှိပြီးသား။ ကိုယ်တိုင်က မသိသေးရင်တော့ ခက်ခဲနေတာပေါ့။ အကြံအိုက်မယ်၊ ခေါင်းကိုက်နေမှာပေါ့။ အဖြေကိုသာတွေ့အောင်ရှာပါ။

သော့ရှိရင် တံခါးဖွင့်လို့ရသလိုပါပဲ။

ပညာ၊ ဗဟုသုတ၊ အမြော်အမြင်၊ အတတ်ပညာရှိရင် လိုချင်တာ အကုန်ရနိုင်ပါတယ်။ ကနေ့ကာလမှာ အောင်မြင်ကြီးပွားချမ်းသာသူ ကိုးဆယ်ရာခိုင်နှုန်းဟာ သုညဘဝက စခဲ့ကြတဲ့သူတွေပါ။ သုညနီးပါး အခြေအနေမျိုးကနေ စတင်ခဲ့ကြသူတွေပေါ့။ ဆယ်ရာခိုင်နှုန်းကတော့ ချွင်းချက်ပေါ့ကွယ်။

ဒါကြောင့် သူများတွေလည်း ကြီးပွားတိုးတက်ခဲ့ကြသလို ဘယ်သူမဆို သူတို့လိုကြိုးစားရင်၊ သူတို့လို ရိုးသားဖြူစင်ရင်၊ သူတို့လို ကုသိုလ်ကံကောင်းလာရင် အောင်မြင်ချမ်းသာ ကြွယ်ဝလာပေမပေါ့။

လူ့အဖွဲ့အစည်းဟာဘယ်သူလဲ၊ ဘာလဲဆိုတာသိပ်ပြီးဂရုမစိုက်လှပါဘူး။ အောင်မြင်သူတွေလုပ်တဲ့အတိုင်း လိုက်လုပ်နိုင်ရင် နောက်ဆုံးတစ်နေ့ သူတို့အောင်မြင်သလို မုချအောင်မြင်မှာဖြစ်တယ်ဆိုတာ အကြောင်းနဲ့အကျိုး နိယာမသဘာဝက ပြဆိုထားတယ်။

"ဘာမှ မလုပ်ရင်တော့၊ ဘာမှ မဖြစ်ဘူး"

တစ်ခုခုလုပ်ဆောင်ပြီဆိုရင်တော့ တစ်ခုခုဖြစ်မှာ အသေအချာပေါ့။ ကံ၊ ဉာဏ်၊ ဝီရိယအကြောင်းအရာသုံးခု ပေါင်းပြီး ကောင်းသည်ထက်ကောင်းအောင် အမြဲကြိုးစားအားထုတ်နေရင်တော့ ဝီရိယ




အကျိုးဖြစ်ပြီး သေချာပေါက် အသီးအပွင့်ကိုခံစားရမှာပါ။

ဝီရိယဆိုတာ စိတ်ကူးပေါ်တဲ့အခါ ထလုပ်လိုက်။ မထူးတော့ စိတ်ပျက်လက်ပျက်နဲ့ မှိုင်တွေချနေလိုက် ဆိုတာမျိုးမဟုတ်ဘူး။ အကျိုးထူးထူး မထူးထူး၊ အောင်မြင်မှုရရ မရရ။ ဇွဲမလျှော့ဘဲ လဲရာကနေပြန်ထူထ၊ အရှုံးထဲက သင်ခန်းစာယူပြီး အကြိမ်ကြိမ် ဆက်လက်ကြိုးစားရမှာပေါ့။ ဒီလိုအကြိမ်ပေါင်းများစွာ ကြိုးစားကြသူတွေဟာ ဆင်းရဲနိမ့်ကျရာမှ ချမ်းသာကြွယ်ဝ မြင့်မားလာခဲ့ကြတာပေါ့ကွယ်။

အရေးကြီးတာက ပညာဘက်နယ်ပယ်။ ဘယ်လောကမှာမဆို အသိပညာ၊ အတတ်ပညာမပါရင် အင်မတန်ရှည်ဝေးခက်ခဲပါတယ်။

အသိအမြင်၊ ဗဟုသုတ၊ ကျွမ်းကျင်တတ်မြောက်မှု ပညာတစ်ခုခု ကိုယ်စီပါလာရင်တော့ အခက်အခဲအနည်းဆုံးနဲ့ ဖြောင့်ဖြူးလွယ်ကူ အောင်မြင်စမြဲပါပဲကွယ်။ အတတ်ပညာ၊ အသိဉာဏ်ပညာဟာ အလွန်တရာ အရေးကြီးပါတယ်။

တိုးတက်၊ အောင်မြင်၊ ပျော်ရွှင်၊ ငြိမ်းချမ်းဖို့ရာ အကြံပြုခဲ့တဲ့ အချက်တွေဟာ မောင်တို့မယ်တို့ လူငယ်တွေ တကယ်ကျင့်သုံးကြည့်တဲ့ အခါ လက်တွေ့အကျိုးရရှိခံစားရမယ့် အချက်တွေပါပဲ။

သတင်းခေတ်တဲ့။ ပညာခေတ်တဲ့။

မျက်မှောက်ကာလကို ခေါ်ဝေါ်သတ်မှတ်နေကြတာ။ သတင်းတွေက အနိုင်အရှုံးကို ခွဲခြားဆုံးဖြတ်လောက်အောင်အရေးကြီးတယ်လို့ ဆိုကြပြန်တယ်။ သတင်းတွေ သိသူကသိလို့ အနိုင်ရ၊ သတင်းတွေ မသိသူက မသိလိုက်လို့ ရှုံးနိမ့်ရတဲ့အဖြစ်တွေ ကြုံရမယ်။

ပညာခေတ်မှာ ပညာကိုအသုံးချနိုင်သူနဲ့ ပညာကို အသုံးမချနိုင်သူတို့ဟာ ချမ်းသာဆင်းရဲ ကွဲပြားခြားနား သွားရတယ်လို့ ပညာရှင်တွေ၊ သုတေသီတွေက သုံးသပ်ကြတယ်။

ပညာကို အသုံးချနိုင်တဲ့သူဟာ ချမ်းသာကြွယ်ဝမယ်။ ပညာကို အသုံးမချနိုင်တဲ့သူက ဆင်းရဲမွဲတေပြီး စားဝတ်နေရေး အဆင်မပြေတဲ့ ဒုက္ခဆင်းရဲသံသရာက မလွတ်နိုင်တော့ဘူးပေါ့။ သူများခိုင်းသမျှခံရပြီး သူများ ပေးသမျှ၊ သူများကျွေးသမျှစားရတဲ့ ဘဝတွေအထိရောက်ရမှာဖြစ်တယ်။

သတင်းအချက်အလက်ခေတ်၊ ပညာခေတ်၊ အသိပညာ၊ အတတ်ပညာ အရေးကြီးတဲ့ခေတ်ထဲ မလွဲမသွေ ရောက်ရှိနေပါပြီ။ တစ်သက်လုံး ပညာကို ဆည်းပူးရမယ်ဆိုတာ သိနားလည်စေချင်တယ်။

ဒါဆိုရင် မောင်တို့မယ်တို့အနေနဲ့ အရင်ကထက် ဘဝကို အရည်အသွေးမြင့်မားအောင် အချက်သုံးချက်ကို လက်တွေ့လုပ်ဆောင်ဖို့ အကြံပြုလိုပါတယ်။

၁။ တစ်နေ့ တစ်နာရီ စာဖတ်ဖြစ်အောင်ဖတ်ပါ။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ပညာရပ်ဆိုင်ရာ စာအုပ်၊ ဘာပဲဖတ်ဖတ်ကြိုက်ရာကို နေ့စဉ်ဖတ်ပါ။

၂။ ရေဒီယိုအစီအစဉ်တွေကို နားထောင်ပါ။ ကားပေါ်မှာ နားထောင်ရင်လည်းရပါတယ်။ ဗဟုသုတတိုးပွားစေပါတယ်။

၃။ တစ်သက်လုံးပညာရှာဖွေနေသူ ဖြစ်ပါစေ။ အကျိုးရလဒ်တွေဟာ အလွန်အံ့သြဖွယ်ရာ များပြားပါတယ်။ ကိုယ့်ထူးကိုယ်ချွန် သန်းကြွယ်သူဌေးတွေဟာ ဒီနည်းလမ်းနဲ့ ဖြစ်လာကြတာဖြစ်လို့ မောင်တို့မယ်တို့အနေနဲ့ နည်းနာတွေကို စနစ်တကျလိုက်နာကျင့်ဆောင်နိုင်ကြမယ်ဆိုရင် ဘဝတန်ဖိုးမြင့်မားသူတွေဖြစ်လာပြီပေါ့ကွယ်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**

### အောင်စိတ်ကိုမွေးမြူပါ

"အောင်မြင်မှုကိုအနှစ်သာရအားဖြင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်လေးစားမှု ပျော်ရွှင်မှုအစစ်တွေကို အဆက်မပြတ်ပိုမိုရရှိမှု၊ ဘဝမှာကျေနပ်ပီတိဖြစ်လောက်တဲ့ ချမ်းမြေ့သာယာမှုနဲ့ သင့်ကို မှီခိုအားထားနေကြသူများအတွက် ဘာမဆိုဖြည့်ဆည်း လုပ်ဆောင်ပေးနိုင်မှုများပဲပေါ့။"

**ဒေါက်တာဒေးဗစ်ဂျိုးဇက်ရှဝပ်ဇ် (၁၉၂၇-၁၉၈၇)**

အောင်မြင်ကြီးပွားချမ်းသာလိုသော လူတိုင်းလူတိုင်းသည် အောင်စိတ်ကိုမွေးမြူကြရမည်။ အောင်စိတ်ဟူသည်က ယုံကြည်ချက်ပင်ဖြစ်သည်။ မိမိကိုယ်ကိုယုံကြည်ချက်အပြည့်အဝ ထားရှိနိုင်ခြင်းသည် အောင်စိတ်ကို မွေးမြူနိုင်ခြင်းပင်။

သို့ဖြစ်၍ အောင်စိတ်ရှိသောကြောင့် အောင်မြင်မှုရရှိခဲ့သည်ချည်းဖြစ်သည်။

အားကစားပြိုင်ပွဲအပါအဝင် မည်သည့်ပြိုင်ပွဲမျိုးတွင်မဆို ယုံကြည်ချက် စိတ်ဓာတ်ခွန်အားသာသည့်ဘက်ကသာ တစ်ပန်းသာသည်။ အောင်စိတ်ဟူသည့်စိတ်ခွန်အားက ဦးဆောင်သည့်အတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများအနေဖြင့် အလိုလိုခွန်အားပြည့်ဝသန်မာကြီးမားလာပေသည်။

"ငါ့မှာ အစွမ်းသတ္တိရှိတယ်။ ငါလုပ်နိုင်ပါတယ်"

ဤသို့ဖြင့်မိမိကိုယ်ကို ယုံကြည်မှုထက်သန်ခိုင်မာမှု ရှိလိုက်သည်နှင့် လုပ်ဆောင်နိုင်သည်ဟူသည့် အပြုသဘောဆောင်သောအမြင်သည် စွမ်းအင်များ၊ အကြံကောင်းဉာဏ်ကောင်းများ၊ ကျွမ်းကျင်မှုများ၊ လေ့ကျင့်မှုနှင့် ဇွဲသတ္တိခံနိုင်ရည်များကို မွေးထုတ်ပေးသည်။

"လိုလျှင်ကြံဆ နည်းလမ်းရ" ဟူသကဲ့သို့ အောင်စိတ်ကိုမွေးမြူနိုင်ခြင်းအားဖြင့် ယုံကြည်ချက်၏နောက်ဆက်တွဲအပြုသဘော အကျိုးဆက်များက များစွာရှိသည်။

ထို့ကြောင့် မိမိကိုယ်ကို ယုံကြည်ရပေမည်။ အောင်မြင်နိုင်မည်ဟု ယုံကြည်လျှင် မုချအောင်မြင်မှုရှိပေမည်။ သေချာပေါက် အောင်မြင်မည်



လည်းဖြစ်သည်။

အောင်စိတ်သည် ဘဝကို အဆုံးအဖြတ်ပေးသည်။

မိမိကိုယ်ကို ယုံကြည်မှုမရှိခြင်းသည် အဖျက်စွမ်းအားပင်ဖြစ်သည်။ မယုံမရဲ သံသယစိတ်များ စိတ်ထဲပေါ်လာသည်နှင့် အမှိုက်သရိုက်များကဲ့သို့ လျင်မြန်စွာရှင်းပစ်ရန်လိုသည်။ သို့မဟုတ်လျှင် မှိုတက်မှုကူးစက်ပြီး အားလုံးပျက်စီးမည်ဖြစ်သည်။

သို့ဖြစ်၍ အောင်စိတ်နှင့် အောင်မြင်မှုကိုသာ ရှေးရှုရမည်လည်းဖြစ်သည်။

ယင်းအချက်မှာအဓိကအကျဆုံးဖြစ်သည်။ အောင်မြင်မှုအတွက် ဉာဏ်ရည်အမြင့်စားကြီးရှိရန် မလိုသကဲ့သို့ ဆွေမျိုး၊ ဉာတိ၊ အသိုင်းအဝိုင်း အထောက်အကူများရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အရေးမကြီးပေ။ မိမိလုပ်ဆောင်ရသည့်အလုပ်ကို အကောင်းဆုံးဖြစ်စေရန် လုပ်ဆောင်လျှင် အောင်မြင်မည်။ မိမိသည် သူများထက် သာလွန်ကောင်းမွန်အောင် သေချာပေါက်လုပ်နိုင်သည်ဟုသာ ယုံကြည်ရန်လိုပေသည်။

ထို့အပြင် သတိပြုရမည့်အချက်တစ်ခုလည်း ရှိနေသေးသည်။

ယုံကြည်ချက်သည် ဘဝဖြစ်စေချင်သည့် ပုံစံအတိုင်းဖန်တီးပေးသည့် အပူအအေးထိန်းညှိ ကိရိယာကဲ့သို့ပင် ပူလိုလျှင်လည်းရသည်။ အေးလိုလျှင်လည်းရသည်။ သာမန်လူစား၊ သူလိုငါလို လုံးလည်ချာလည်လိုက်ပြီး ရုန်းကန်နေကြသူများတွင် နည်းနည်းသာရထိုက်သည်ဟု ခံယူသဖြင့် ဘဝတွင်နည်းနည်းသာရရှိခြင်းဖြစ်သည်။

မိမိကိုယ်မိမိ အရေးမပါပါဟု ယုံကြည်ခဲ့သည်ဖြစ်၍ လုပ်သမျှသည် အရေးမပါဖြစ်ခဲ့ရသည်။ ကြီးကြီးကျယ်ကျယ်မလုပ်နိုင်ဟု တွေးထင်ခဲ့သဖြင့် အမှန်တကယ်ပင် လုပ်နိုင်စွမ်းမရှိခဲ့သည့်ရလဒ်ကို ပိုင်ဆိုင်လိုက်ရခြင်းလည်းဖြစ်ပေသည်။ ထို့ကြောင့် မိမိတို့လုပ်ဆောင်ရသည့် မည်သည့်အရာမှန်သမျှအတွက် အောင်စိတ်ကိုမွေးပြီး ကောင်းသည်ထက်ကောင်းအောင် စွမ်းဆောင်ရန်လိုအပ်သည်။

ကြီးကြီးကျယ်ကျယ်နှင့် ခက်ခက်ခဲခဲအလုပ်မျိုးကို လုပ်နိုင်စွမ်းရှိသည်ဟု မိမိကိုယ်ကိုအပြည့်အဝ ယုံကြည်ထားလျှင် ယုံကြည်သည့်အတိုင်း လုပ်နိုင်မည်သာဖြစ်သည်။

သို့ဖြစ်၍ မြင့်မြင့်မားမားယုံကြည်ရမည် ဖြစ်ပေသည်။

"လူနေချုံကြား စိတ်နေဘုံဖျား"ကဲ့သို့ စိတ်ဓာတ်ကိုထားရှိကာ ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ ကိုယ်ကျိုးမကြည့်ဘဲ သူတစ်ပါးကို စာနာလေးစားမှု၊ အကြံကြီးလျှင်ကြီးကြီးဖြစ်ရမည်ဟု ယုံကြည်ချက်ခိုင်မာမှုများအား မူလအခြေအနေထက် ပိုမိုတည်ဆောက်အားထည့်မြှင့်တင်ပြီး တည်ငြိမ်မှုရှိရမည်လည်းဖြစ်သည်။

ထို့ကြောင့် ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် အောင်မြင်ကြွယ်ဝချမ်းသာလိုသူတိုင်းသည် ယုံကြည်ချက်ကို မြင့်မြင့်မားမားထားရှိ၍ အောင်စိတ်ကိုမွေးမြူနိုင်ခြင်းအားဖြင့် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိမည်မှာအသေအချာပင်ဖြစ်ပေတော့သည်။

## လှည်းကူးမြို့နယ်၌ မဇ္ဈိမလင်္ကာရသာမဏေကျော် စာမေးပွဲကြီး တတိယနေ့ ဆက်လက်ဖြေဆိုလျက်ရှိ

လှည်းကူး ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် မဇ္ဈိမလင်္ကာရသာမဏေကျော် စာမေးပွဲကို မဇ္ဈိမဂုဏ်ရည် မဟာစည်တောရရိပ်သာနှင့် သာသနာ့ရိပ်သာရပ်ကွက်ရှိ နိဗ္ဗာန်ဆိပ်ဦး ဗိမာန်စာဖြေဌာန နှစ်ခုတို့၌ တတိယနေ့အဖြစ် ဆက်လက်ဖြေဆိုလျက်ရှိရာ မဇ္ဈိမလင်္ကာရသာမဏေကျော်စာမေးပွဲကို ပရိယတ္တိသာသနာတော် တည်တံ့ခိုင်မြဲစည်ပင်ပြန့်ပွားစေရန်နှင့် သာသနာ့အာဇာနည် အရှင်မြတ်များ တိုးပွားစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ယနေ့(တတိယနေ့)တွင် ကျင်းပသည့် ပထမအဆင့်စာမေးပွဲ၊ ဒုတိယအဆင့်စာမေးပွဲနှင့် တတိယအဆင့်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်နှင့် သီလရှင် ၉၈၇ ပါး ရှိကြောင်း သိရသည်။

မဇ္ဈိမလင်္ကာရသာမဏေကျော် စာမေးပွဲကြီးကို မဇ္ဈိမဂုဏ်ရည် မဟာစည်တောရရိပ်သာ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒ စီမံဦးဆောင်၍ ကျင်းပခြင်းဖြစ်ပြီး စာမေးပွဲကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တိုင်တိုင် မဇ္ဈိမဂုဏ်ရည် မဟာစည်



တောရရိပ်သာနှင့် သာသနာ့ရိပ်သာရပ်ကွက်ရှိ နိဗ္ဗာန်ဆိပ်ဦး ဗိမာန်တို့တွင် စာဖြေဌာန နှစ်ခုခွဲ၍ ကျင်းပခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပဲခူး ဒီဇင်ဘာ ၁၉

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်က ပဲခူးခရိုင်အားကစားကွင်း၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

ရှေးဦးစွာ ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုခဲ့ကြသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က ပြိုင်ပွဲအတွက် ငွေကျပ် ၁၀ သိန်းနှင့် ပဲခူးခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာဝင်းက ပြိုင်ပွဲအတွက် ဘောလုံး နှစ်လုံးကို ထောက်ပံ့ပေးအပ်ရာ ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က လက်ခံရယူသည်။

အဆိုပါ အခမ်းအနားကို ပဲခူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်၊ ပဲခူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဘောလုံးဝါသနာရှင် ဒေသခံပြည်သူများ တက်ရောက်ကြပြီး အဖွင့်ပွဲစဉ်အဖြစ် ကတွင်းခြံအသင်းနှင့် ဖိုင်း/တောင်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**❋ AFF Cup ပြိုင်ပွဲမှ**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ မိုရိုဒေါ့တီချီကွင်း၌ ကမ္ဘောဒီးယားအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကွာလာလမ်ပူကွင်း၌ ဘရူနိုင်းအသင်းနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဘရူနိုင်းအသင်းသည် အိမ်ကွင်းလက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် အိမ်ကွင်းနှစ်ပွဲကို မလေးရှားနိုင်ငံ၌ ကစားခြင်းဖြစ်သည်။

အုပ်စု(က) အနေအထားအရ လက်ရှိချန်ပီယံ ထိုင်းအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် ရေပန်းအစားဆုံးဖြစ်နေပြီး ကျန်တစ်နေရာအတွက် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ အပြိုင်လုရဖွယ်ရှိနေသည်။ လက်ရှိချန်ပီယံ ထိုင်းအသင်းကို ၂၀၂၀ ပြိုင်ပွဲတွင် ချန်ပီယံဆုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြ ပေါ့ကင်းက ဆက်လက်ကိုင်တွယ်နေပြီး အင်ဒိုနီးရှားအသင်းမှာလည်း ပထမဆုံးချန်ပီယံမျှော်လင့်ချက်အတွက် လေ့ကျင့်ပြင်ဆင်ထားကြောင်း သိရသည်။ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၂၀ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သော အုပ်စု(ခ) ပထမနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၂၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် မလေးရှားအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

**ကိုညီလေး**

**❍ နိုင်ငံလက်ရွေးစင်မှ**

လက်ရွေးစင်အသင်းအတွက် အများကြီးပေးဆပ်သွားဖို့ ယုံကြည်ထားသူလည်း ဖြစ်ပါတယ်။

လာမယ့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပချိန်မှာ တိုက်စစ်မှူးမက်ဆီရဲ့ အသက်ဟာ ၃၉ နှစ်ရှိမှာဖြစ်ပြီး အခု ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲဟာ မက်ဆီအတွက် နောက်ဆုံးကမ္ဘာ့ဖလားဖြစ်လာလိမ့်မယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်ထားခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ အာဂျင်တီးနားအသင်းနည်းပြ စကာလိုနီကတော့ အမေရိကန်၊ ကနေဒါနဲ့ မက္ကဆီကိုနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ တိုက်စစ်မှူးမက်ဆီကို အသင်းမှာ ပါဝင်ကစားနိုင်ဖို့ ဆန္ဒရှိနေတယ်လို့လည်း ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ အခု ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဂျင်တီးနားအသင်းအတွက် ဆုဖလား ရယူပေးနိုင်ခဲ့သလို လက်ရှိအချိန်မှာ အာဂျင်တီးနားအသင်းနဲ့အတူ ကမ္ဘာ့ဖလားသွင်းဂိုး စုစုပေါင်း ၂၁ ဂိုးအထိရှိသွားခဲ့ပြီဖြစ်ပြီး ဂိုးဖန်တီးမှု ၁၃ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့တဲ့ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီ ဖြစ်ပါတယ်။

**ငွေကြယ်**

**❒ ကျောဖုံးမှ**

ဝန်ဆောင်မှုကောင်းများ အပြိုင်အဆိုင်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ကျွန်းပေါင်း ၈၀၀ ကျော်ရှိပြီး မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၂၀၀ ကျော်ရှိ၍ မြိတ်ကျွန်းစု ပင်လယ်ပြင်ခရီးစဉ်များတွင် လူကြိုက်အများဆုံးနေရာများဖြစ်သော ကျွန်းဘုရင်(ခေါ်)လေးကျွန်းနှင့် စမတ်ကျွန်း(ခေါ်)ပါပကျွန်း၊ သမီးလှကျွန်း၊ ဒုံးရေတံခွန်၊ ဒုံးညောင်မှိုင်း(CBT)၊ တောင်ပံကြီးကျွန်းနှင့် ဘေလီကျွန်းတို့သည် မြိတ်ကျွန်းစု၏အလှကို အထူးဖော်ဆောင်လျက်ရှိရာ နိုင်ငံခြားခရီးသွားများ အထူးနှစ်ခြိုက်စွာလည်ပတ်သော ကျွန်းစုများအဖြစ် ဂုဏ်တင့်လျက်ရှိသည်။

“နှစ်သစ်ကူးအခါသမယမှာ ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်ထားကြပါတယ်။ အုပ်စုလိုက်လာချင်သူတွေ၊ မိသားစုတွေ၊ ကုမ္ပဏီလုပ်ငန်းရှင်နဲ့ ဝန်ထမ်းတွေအတွက် အပန်းဖြေလာမယ်ဆိုရင် အထူးဈေးနှုန်းတွေနဲ့ အဆင်ပြေအောင် အတတ်နိုင်ဆုံး စီစဉ်ပေးထားပါတယ်။ ကမ်းခြေမှာ မီးပုံပွဲတွေနဲ့ ဆိုကြ ကကြဖို့ စီစဉ်ပေးတဲ့အပြင် ဒီရေတောတွေမှာလည်း ကနူးလှေစီးတာ၊ အမှတ်တရဒီရေတောသစ်ပင်စိုက်မယ်ဆိုလည်း အုပ်စုလိုက်၊ အဖွဲ့လိုက်သစ်ပင်စိုက်နိုင်အောင်နဲ့ ဒီရေတောထိန်းသိမ်းတာတွေ စီစဉ်ပေးထားပါတယ်။ အပျော်တမ်းငါးမျှားတာ၊ ဆလုံရွာတွေကိုသွားရောက်လည်ပတ်ပြီး သူတို့ရဲ့ ရိုးရာယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့၊ ကိုးကွယ်ယုံကြည်မှုနဲ့ ဆလုံတိုင်းရင်းသားတို့ရဲ့ လူနေမှုဘဝပုံရိပ်တွေကို သဘာဝအတိုင်း လေ့လာနိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။ လူငယ်စုံတွဲတွေ Pre Wedding နဲ့ Anniversary အတွက်လည်း ပင်လယ်ပြင်ကြီးနဲ့ ကျွန်းပေါ်မှာ Romantic Trip အမှတ်တရလေးတွေလုပ်နိုင်အောင်လည်း ဝန်ဆောင်မှုတွေပေးထားပါတယ်။ ပြီးတော့ Virgin Island ပေါ်မှာ သီးသန့်အဖွဲ့လိုက် Adventure Tour နဲ့ Survival Trips တွေလည်း လူငယ်တွေအနေနဲ့ ထူးထူးခြားခြား စွန့်စားခရီးသွားလာနိုင်အောင် Special Package တွေ စီစဉ်ပေးထားပါတယ်။ စိတ်အေးချမ်းမှုနဲ့ အတူပျော်ရွှင်ကြည်နူးဖွယ်ခရီးစဉ်တွေကို မြိတ်ကျွန်းစုက ဟိုတယ်တွေက ဝန်ဆောင်မှုကောင်းများစွာနဲ့ ပြင်ဆင်ထားပြီး ပြည်တွင်း/ပြည်ပ ခရီးသွားများကို ကြိုဆိုနေပါတယ်”ဟု Blue Ocean Star Resort & Travel Co.Ltd. မှ CEO ဖြစ်သူ ဦးကျော်မိုးက ပြောသည်။

မြိတ်ကျွန်းစုတွင် ပင်လယ်ရေအောက်မှ သန္တာကျောက်တန်းများနှင့် ငါးမျိုးစိတ်များကို ကြည့်ရှုလေ့လာနိုင်ပြီး ဝေလငါးနှင့် လင်းပိုင်ငါးအုပ်များကိုလည်း လေ့လာနိုင်သည့်အပြင် ကျွန်းစုများတွင်ရှိသည့် ပင်လယ်လိပ်ပြာနှင့် အောက်ချင်းငှက်များ အပါအဝင် ငှက်မျိုးစိတ်များစွာကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။ ထို့အပြင် ပင်လယ်လိပ်နှင့် ပင်လယ်ဖျံများ၏ သဘာဝအတိုင်း နေထိုင်မှုကို စောင့်ကြည့်လေ့လာနိုင်ပြီး ဆေးဖက်ဝင် မလိငှက်သိုက်နှင့် ဇီဝဇိုးငှက်များ၏ သဘာဝအလေ့အထကိုလည်း လေ့လာနိုင်ရန် ဝန်ဆောင်မှုများပေးထားသည်။

